မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၂၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးစွက်ဖက်ခြယ်လှယ်လိုသည့် အနောက်နိုင်ငံကြီးတချို့ အသာစီးရရှိနေသည့် ဆက်သွယ်ရေးနည်းပညာစွမ်းအား၊ မီဒီယာအင်အားများကို တလွဲအသုံးပြု ပြည်သူများအပေါ် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်အသီးသီးမှတစ်ဆင့် လွှမ်းမိုးရန်ကြိုးစား

လုပ်ကြံစွပ်စွဲမှုနှင့် လုပ်ဇာတ်ခင်းဇာတ်လမ်းအမျိုးမျိုးကို အမှန်တရားအတိုင်း သိမြင်စေရအောင် မြန်မာနိုင်ငံအပေါ် အသိအမြင်ရှင်းလင်းအောင် အမျိုးသားရေးရှုထောင့်က တုံ့ပြန်ရေးသား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ခေတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၀

၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ခေတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့သမိုင်း၏ အမျိုးသားရေးအမွေခံကောင်းများကို ဆက်ခံခွင့်ရခဲ့သည့် မိမိတို့သည် အမွေခံထိုက်သူများဖြစ်အောင်ဆောင်ရွက်၊ ကြွယ်ဝလှသည့် စာပေအမွေအနှစ်၊ အမျိုးသားရေးအမွေအနှစ်များကို ထာဝရခိုင်မြဲအောင် ပွားများအောင်ကြံဆောင်ရင်း မျိုးဆက်သစ်များထံ မပျက်မယွင်း လက်ဆင့်ကမ်းနိုင်ရန် စာပေရေးသားဖန်တီးသူ ကလောင်ရှင်များအဖို့ ဤတာဝန်သည် သမိုင်းပေး တာဝန်တစ်ရပ်ဖြစ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး အမျိုးသားရေးဦးတည်ချက်များ အကောင်အထည်ဖော်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများ ရှေးပဝေသဏီကတည်းက အေးအတူပူအမျှ ရင်းနှီး ချစ်ကြည်စွာ အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်။

ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်တိုက်ခိုက်မှုကြောင့် ဆုံးရှုံးသွားသော မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် သူ့ကျွန်မခံလိုသော ပြည်ထောင်စုဖွား တိုင်းရင်းသားများ စုပေါင်း၍ ကိုလိုနီနယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့တို့သည် တိုင်းရင်းသားများအကြား သွေးခွဲသပ်လျှိုး၍ စည်းလုံးညီညွတ်ရေးကို ပျက်ပြားအောင် ကြိုးပမ်းခဲ့ကြသည်။

နယ်ချဲ့တို့ မည်သို့ပင် သွေးခွဲစေကာမူ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရယူနိုင်ခဲ့သော အစဉ်အလာကောင်းကို ဖော်ညွှန်းပြသခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်၍ ပြည်ထောင်စုနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုအခါ နှစ်(၆၀)ပြည့်မြောက်တော့မည် ဖြစ်ပေသည်။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးကလည်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ထွန်းကားပြန့်ပွားရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာရေးတို့အတွက် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် ရွှေနန်းတော်တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်စစ်ဆေး၊ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း လိုက်ပါလျက် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပုဂံရှေးဟောင်း သုတေသနပြတိုက် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်၊ ပြတိုက်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်နှင့်အဖွဲ့က ရှင်းလင်းပြသကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် ပုဂံရှေးဟောင်း သုတေသနပြတိုက် ဗုဒ္ဓပန်းချီပြခန်း၌ ခင်းကျင်းပြသထားသော ပုဂံရှေးဟောင်းဘုရားများပုံ ဆီဆေးပန်းချီကားများကိုနည်းစနစ်မှန်စွာ ထိန်းသိမ်းရေး၊ ပြတိုက်ကြီး၏ လုံခြုံရေး၊ သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးတို့အတွက် မှာကြားသည်။

စစ်ဆေးချက်များမှတ်တမ်းတင်

ဆက်လက်၍ ဝန်ကြီးသည်ပြတိုက်ကြီး၏ ဒုတိယထပ် ပတ်လည် လေသာဆောင်သို့ တက်ရောက် ကြည့်ရှုစစ်ဆေးပြီး မိုးရေထုတ်ပိုက်များနှင့် ရေမြောင်းများ စနစ်တကျပြင်ဆင်ရေး၊ ပြုတ်ကျပျက်စီးသော အင်္ဂတေကြာပန်းများ ပြုပြင်ထိန်းသိမ်းရေး၊ ရာထူးအဆင့်အလိုက် ပြတိုက်ကြီးကို စစ်ဆေးရမည့် ပုံစံသတ်မှတ်ထားရှိကာ စစ်ဆေးချက်များကို မှတ်တမ်းတင်ပြီး ပြုပြင်ထိန်းသိမ်းရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပုဂံရှေးဟောင်းသုတေသနပြတိုက် မြေအောက်ခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ မြေအောက်ခန်းရှိ ပြသပစ္စည်းများနှင့် ထိန်းသိမ်းပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားရှိရေး၊ ပစ္စည်းစာရင်းနှင့်ထားရှိသည့်နေရာ အညွှန်းမှတ်တမ်းဖြင့် ထိန်းသိမ်းထားရှိရေး၊ မြေတိုက်ခန်းရှိ ဗို့အားမြှင့် လျှပ်စစ်မီးကြိုးများကို စနစ်တကျထားရှိရေးနှင့် သန့်ရှင်းရေးတို့အတွက် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သော အနော်ရထာမင်းကြီး၏ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ **(အပေါ်ပုံ)** ထူးထရေးဒင်းကုမ္ပဏီမှ ဗိသုကာပညာရှင် အင်ဂျင်နီယာချုပ် ဦးသော်၊ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်နှင့်အဖွဲ့က ပဋ္ဌပါဒသာ ရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများ၊ မြန်မာမှုအပြောက်အမွမ်း တပ်ဆင်ရေးလုပ်ငန်းများကို ရှင်းလင်း တင်ပြကြရာ ပုဂံရွှေနန်းတော် တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးက ဆက်လက် တည်ဆောက်မည့် ဘိသိက်ဆောင်နှင့် တည်ဆောက်ပြီး နန်းဆောင်များအား အမွမ်းပန်းများ တပ်ဆင်ရေး၊ ဆေးသုတ်ရေး၊ နန်းတော်ဆောင်များပေါ်ရှိ လျှောက်လမ်းများ၏ ဝဲယာနှစ်ဖက်တွင် ပသာဒဖြစ်စေရန် ပန်းအလှပင်ကြီးများ စိုက်ပျိုးရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် နန်းတော်ဝင်းအား စည်းရိုးကာရံရေး လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၁–၁–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အချိန်တန်ဖိုး၊ လူ့တန်ဖိုး တရားတော် (ယောဆရာတော်)
- ၈:၀၀ နိုင်ငံတကာ အနုပညာရေးရာ
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ ရေကောင်းရေသန့်ပေးဝေမည် ရန်ကုန်မြို့နေ ပြည်သူတွေဆီ
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၀ Celebrity Profile (NGIIK နှင့် တွေ့ဆုံခြင်း)
- ၉:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅ သာယာချိုအေး (၃၈) ဖြာ မင်္ဂလာတေး(သူမြတ်ကျင့်ထုံးနှလုံးသွင်း)
- ၁၀:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ [ဆရာသိန်းပိုင်(ကျောက်မျက်)နှင့် တွေ့ဆုံခြင်း]
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၅ ဓမ္မအလင်းရောင်
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၅ ရဟန်းတော်နှင့်ပိဋကစာရိကကျင့်ဝတ်
- ၁၁:၅၀ တေးဂီတအစီအစဉ်
- ၁၁:၅၅ Midweek Sports News
- ၁၂:၁၀ တေးဂီတအစီအဉ်
- ၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၀ အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ
- ၁၂:၄၀ တေးဂီတအစီအစဉ်
- ၁၂:၄၅ ဖိတ်ခေါ်ချင်သည်တောင်စခန်း မြို့ဆီ
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Chelsea-Blackburn	5-Sports (Live)
၂:၂၄	Man:Utd-Waltford	5-Series (Live)

ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်း စိန်စတိုးနေ မိဘ–ဦးကိုကို ထွေး–ဒေါ်လှလှသန်းတို့အား အမှူးထား၍ သား–ပြည့်ဖြိုးကိုကိုက မွေးနေ့ အလှူအဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၃၁–၁–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ လှပ်လှပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း–၁၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝေဟင်ချစ်သူ"** (အပိုင်း–၂)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် စာပေဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေး ကော်မတီဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့်(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေးကော်မတီဝင်များအား ယနေ့ညနေ ၆နာရီခွဲက နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ခြင်းခံရသူများနှင့် ဆုရွေးချယ်စိစစ်ရေး ကော်မတီဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ဂုဏ်ပြု ညစာစားပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရွေးချယ်စိစစ်ရေး ကော်မတီဝင်များ၊ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ဆုချီးမြှင့်ခြင်းခံရသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာသုံးဆောင်

ဂုဏ်ပြုညစာစားပွဲ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိကြသူများနှင့်အတူ ညစာသုံးဆောင်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ညစာစားပွဲ အပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စာပေပညာရှင်ကြီးများနှင့် စာပေဆုရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ရွှေတိဂုံ ဖူးမြော်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး)၊ ဒုတိယဝန်ကြီး အဆင့်ရှိ H.E Mr. Cai Mingzhao ခေါင်းဆောင်သော တရုတ်ပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည် ဖူးမြော် ကြည်ညိုကြစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံပြန်ကြားရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာ–တရုတ်နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဒုတိယဌာနကြီးမှူး)၊ ဒုတိယဝန်ကြီး အဆင့်ရှိ H.E Mr. Cai Mingzhao ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်ပြန်ကြားရေးကိုယ်စား လှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆို

တရုတ်ပြန်ကြားရေး ကိုယ်စား လှယ် အဖွဲ့အား ပြန်ကြားရေးဝန်ကြီး ဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်း

ထို့နောက် တရုတ်ပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန် ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေး ခန်းမ၌ ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင် ဌေးက ဌာနအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် H.E Mr.Cai Mingzhao သည် ဧည့်သည် တော်မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးပြီး လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ တရုတ်ပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများ က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တရုတ်ပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီ တော်သို့ ရောက်ရှိရာ ဂေါပကအဖွဲ့က ကြိုဆိုကြပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဖူးမြော်

ယင်းနောက် တရုတ်ပြန်ကြား ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံ စေတီတော် ဘက်စုံမွမ်းမံပြုပြင်ရန် အတွက် အလှူငွေများကို ပေးအပ် လှူဒါန်းပြီး ရွှေတိဂုံစေတီတော်မြတ် ကြီးအား လက်ယာရစ်ဖူးမြော်ကြည်ညို ကြသည်။ **(သတင်းစဉ်)**

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ ပရိဝါသ်သိမ်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာ တော်ကြီး ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ပရိဝါသ် ဓမ္မသဘင်တွင် (၁၀)ဝါနှင့်အထက် ရဟန်းတော်များက ရက်ပေါင်း ၂၀တိုင်ပါဝင်ခဲ့ကြသည်။ ထိုပရိဝါသ်သိမ်းပွဲကျင်းပ ရာတွင် တန့်ကြည့်တောင်ဆရာတော် အပါအဝင် သံဃာတော် ၃၂ပါးတို့အား ဖေဖော်ဝါရီ ၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီ တွင် သိမ်ဆင်းလောင်းလှူကြမည်ဖြစ်ရာ ယောဂီများနှင့် အလှူရှင်များ ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း– ၆၃၈ဝ၈၈သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က–ပ)

သုံးခွမြို့ မဟာဗောဓိစာသင်တိုက် ရာပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

၁၂၆၈ခုနှစ်မှစ၍ သာသနာ့ ဥဿျှောင်ဆရာတော်ကြီး များ တည်ထောင်ခဲ့သော သုံးခွမြို့ မဟာဗောဓိ ပရိယတ္တိ စာသင်တိုက်ကြီး နှစ်(၁၀၀)ပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲကို ၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော်၂ရက်၊ ၃ရက် (ဖေဖော်ဝါရီ ၃ရက်၊ ၄ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ မဟာဗောဓိဝံသ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား ကြွရောက်ကြရန် ရာပြည့်ပွဲနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက် ရေးအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

(၃၅၂)

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အထူးခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၆၇)ကြိမ်မြောက် အထူးခုနစ်ရက် တရားစခန်းပွဲကို အလှူ့ဒါယကာ ဦးကျော်ဝင်း–အလှူ့ဒါယိကာမ ဒေါ်ဘေဘီဝင်း မိသားစုတို့က မတည်၍ အာဒိကမ္မိက ကမ္မဋ္ဌာနာ စရိယ(မူလဓမ္မာစရိယ)ကျေးဇူးရှင် ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ မဟာသတိ ပဋ္ဌာန်တရား တော်များကို ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဓမ္မ ကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများက ဖေဖော်ဝါရီ၁ဝရက်မှ ၁၆ရက်အထိ ခုနစ်ရက်တိုင်တိုင် တရား ဟောကြားပြသပေးမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ ၉ရက်ညနေ၅နာရီအရောက် နာယကဦးအေးကို ဖုန်း–၆၆ဝဝဝ၆၊ ဥက္ကဋ္ဌဦးကျော်ဦး ဖုန်း–ဝ၁–၂၄၇ဝ၂၇၊ ဝ၉–၉၉–၂ဝ၆၁၇၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင် အောင် ဖုန်း–ဝ၁–၆၆၂၈၅ဝ၊ ဝ၉–၅၁၈၃၈၄ဝတို့သို့ သတင်းပို့ဝင်ရောက်နိုင်ကြ ကြောင်း သိရသည်။

(က–ပ)



ဟီလာရီကလင်တန်

အီရန်၌ နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ပေးမှုရပ်ဆိုင်းရန် အမေရိကန်ဖိအားပေး ရုရှားကပြီးဆုံးသည်အထိ ဆက်လက်တည်ဆောက်ပေးမည်ဟု ကတိပြုပြောကြား

မော်စကို ဇန်နဝါရီ ၃၀

အီရန်နိုင်ငံတွင် တည်ဆောက်နေသော ဘတ်ရှာနျူကလီးယား စွမ်းအင်စက်ရုံကို အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံက ကတိပြုလိုက်ကြောင်း ရုရှားနိုင်ငံ နျူကလီးယားစွမ်းအင်ဌာန အကြီးအကဲက ပြောကြားသည်ဟု အာအိုင်အေသတင်းဌာနက ဇန်နဝါရီ ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံအနေဖြင့် အီရန်၏ နျူကလီးယားစွမ်းအင်စက်ရုံကို ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ နျူကလီးယား စွမ်းအင်ဌာန အကြီးအကဲ ဆာဂျီကီရီယန်ကိုက ပြောကြားသည်။ ၎င်းသည် ယခုအခါ အီရန်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိလျက်ရှိသည်။

နည်းပညာအသုံးပြု

ရုရှားနိုင်ငံက ၂၀၀၇ ခုနှစ်မတ်လတွင် ဘတ်ရှာနျူကလီးယားစက်ရုံမှ လောင်စာစွမ်းအင်များကို ဖြန့်ဖြူးပေးနိုင်လိမ့်မည်ဟု ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ပြောကြားခဲ့သည်။ သို့သော် အီရန်နိုင်ငံအတွက် နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်နေမှုကို ရပ်ဆိုင်းရန် ရုရှားနိုင်ငံအား အမေရိကန်တို့က ဖိအားပေးခဲ့သည်။ နျူကလီးယား ဗုံးထုတ်လုပ်ရန် အီရန်တို့အား ရုရှားက နည်းပညာ အသုံးပြုခွင့်ပေးလိမ့်မည်ဟု အမေရိကန်တို့က သံသယဝင်လျက်ရှိသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အမေရိကန်၏ ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ် ပိုလန်ပြည်သူတို့ ကန့်ကွက်ဆန္ဒပြ

ဝါဆော ဇန်နဝါရီ ၃၀

ပိုလန်နိုင်ငံ၌ အမေရိကန်၏ ဒုံးခွင်းဒုံး ကာအကွယ်ရေးစနစ် ဖြန့်ကြက်မည့်အစီအစဉ်ကို ပိုလန်ပြည်သူ ၁၀၀ ကျော်တို့က ဝါဆောမြို့တော်ရှိ ပိုလန်သမ္မတနန်းတော်ရှေ့တွင် ဇန်နဝါရီ ၂၈ ရက်က ကန့်ကွက်ဆန္ဒပြကြသည်။(အောက်ပုံ)

တစ်နာရီကြာ ကန့်ကွက် ဆန္ဒပြပွဲကို စစ်ပွဲရပ်စဲရေး လူမှုလှုပ်ရှားမှုအဖွဲ့က ဦးဆောင်ဆန္ဒပြခြင်း ဖြစ်သည်။ အဆိုပါ လူမှုလှုပ်ရှားမှုအဖွဲ့မှ ဝီကန်နော့စကီးက ပြောကြားလိုက်သည်။

ကြီးထွားနိုင်

လက်နက်အပြိုင် တပ်ဆင်ရန် အကြောင်းမရှိကြောင်း၊ လက်နက်အပြိုင် တပ်ဆင်ခြင်းဖြင့် လက်နက်ထုတ်လုပ်သည့်ကဏ္ဍမှ အလုပ်သမားများ၏ လုပ်ခလစာကိုသာ မြှင့်တင်ပေးနိုင်ကြောင်း၊ လက်နက်အပြိုင် တပ်ဆင်မှုက ခြိမ်းခြောက်မှု လျော့နည်းသွားမည့်အစား ခြိမ်းခြောက်မှု ပိုမို ကြီးထွားလာစေနိုင်ကြောင်းဖြင့်

ဝေဖန်ပြောကြား

အမေရိကန်၏ ထိုဒုံးခွင်း ဒုံးကာကွယ်ရေးစနစ်သည် အမေရိကန်ပြည်ထောင်စုကိုသာ အကာအကွယ်ပေးမည်ဖြစ်ပြီး ပိုလန်နိုင်ငံကို ဒေါသထွက်စေကြောင်း ပိုလန်လက်ဝဲခေါင်းဆောင် ပွိုင်တာအိုက်ကိုနိုဝစ်က ဝေဖန်ပြောကြားလိုက်သည်ဟု ပီအေပီသတင်းဌာနက ကြေညာသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်အရေး ပြီးပြတ်အောင် သမ္မတဘုရှ် မဖြေရှင်းခဲ့လျှင် တာဝန်မဲ့လွန်းရာကျမည်ဟု ဟီလာရီကလင်တန် ဝေဖန်

ဒါဗင်ပို့ ဇန်နဝါရီ ၃၀

သမ္မတဂျော့ဒဗလျူဘုရှ်အနေဖြင့် ရာထူးမစွန့်လွှတ်မီ အီရတ်ပြဿနာကို ပြီးပြတ်အောင် ဖြေရှင်းသွားသင့်ကြောင်း၊ ထိုသို့ မဟုတ်ဘဲ ယင်းပြဿနာကို နောက်တက်မည့် အစိုးရလက်သို့ လွှဲအပ်သွားမည်ဆိုပါက တာဝန်မဲ့လွန်းရာကျမည်ဖြစ်ကြောင်း ဟီလာရီကလင်တန်က ဇန်နဝါရီ ၂၈ ရက်၌ ပြောကြားလိုက်သည်။

အထက်လွှတ် တော်အမတ်နှင့် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းတစ်ဦးဖြစ်သူ ဟီလာရီကလင်တန်က ၂၀၀၈ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ် မှုစတင်သည့် အိုင်အိုဝါပြည်နယ် ဒါဗင်ပို့မြို့၌ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ရည်ညွှန်း

ဤကိစ္စကို သူ့ရာထူးဆက်ခံမည့် သမ္မတသစ်သို့ လွှဲအပ်ခဲ့ရမည်ဖြစ်ကြောင်း သမ္မတဘုရှ်က ၎င်း၏ နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင်ပြောကြားခဲ့သည်ကို ဟီလာရီကလင်တန်က ရည်ညွှန်း တုံ့ပြန်ခြင်းဖြစ်သည်။

ထင်မြင်

ထိုအပြောမျိုးမှာ တာဝန်မဲ့လွန်းရာကျသည်ဟု ထင်မြင်ကြောင်း၊ စိတ်မကျေမချမ်းနိုင်အောင်လည်း ဖြစ်ရကြောင်းဖြင့် ဟီလာရီကလင်တန်က ထည့်သွင်း ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရထားခေါင်မိုးစီး ခရီးသည်များ လျှပ်စစ်ဓာတ်ကြိုးနှင့် တိုက်မိ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၃၀

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း စီကာပူရာမြို့တွင် ဇန်နဝါရီ ၂၈ရက်က ရထားခေါင်မိုးပေါ်တွင် စီးနင်းလိုက်ပါလာသူ ခရီးသည်များ လျှပ်စစ်ဓာတ်အားကြိုးနှင့် တိုက်မိသဖြင့်၁၂ဦးခန့် သေဆုံးသွားခဲ့ကြောင်း ပါကစ္စတန် ရုပ်မြင်သံကြား သတင်းဌာနမှပြောကြားသည်။

အဆိုပါရထားသည် ဂျာကိုဘာဘတ်မြို့မှ ရော့ရီမြို့သို့ ခုတ်မောင်းစဉ် ရထားခေါင်မိုးပေါ်၌ ခရီးသည်အများအပြား လိုက်ပါစီးနင်းခဲ့ကြရာမှ ယခုကဲ့သို့ လျှပ်ဓာတ်ကြိုးနှင့်တိုက်မိခဲ့ခြင်းဖြစ်သည်။ ထိုသို့ လျှပ်စစ်ဓာတ်အားကြိုးနှင့် တိုက်မိခဲ့သဖြင့် ခရီးသည် ၁၂ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တရုတ်-အိန္ဒိယနှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု ၂၀၀၆ ခုနှစ်တွင် ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့

ပေကျင်း ဇန်နဝါရီ ၃၀

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉ ဘီလီယံအထိရှိခဲ့ရာ နှစ်နှစ်အတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ ရောက်ရှိရေး ရည်မှန်းချက်ကို ကျော်လွန်ခဲ့ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့အနေဖြင့် ၂၀၀၅ ခုနှစ်က သဘောတူစာချုပ်အရ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကို ၂၀၀၈ ခုနှစ်၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀အထိ ရရှိရန် သတ်မှတ် သဘောတူညီခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ၂၀၀၆ ခုနှစ်က တရုတ်နိုင်ငံ၏ ဒသမမြောက် အကြီးဆုံး ကုန်သွယ်ဘက် နိုင်ငံဖြစ်လာသည်။

ထို့အတူ တရုတ်နိုင်ငံသည်လည်း အိန္ဒိယနိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံ ဖြစ်လာကြောင်း အိန္ဒိယနိုင်ငံ၏ စာရင်းအင်းများ၌ ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံ

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ်ဆက်သွယ်ရေးနှင့် အသေးစားစက်မှုလုပ်ငန်းကဏ္ဍများ၌ ၂၀၀၆ ခုနှစ်ကုန်အထိ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ အထိရှိကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝေလငါး မျိုးမသုဉ်းရေး နိုင်ငံအများ ကြိုးပမ်းရန်လို

လန်ဒန် ဇန်နဝါရီ ၃၀

နိုင်ငံတကာ ဝေလငါးဖမ်းလုပ်ငန်းကော်မရှင်(အိုင်ဒဗလျူစီ)တွင် ငါးမဖမ်းဆီးရေး၊ ငါးမျိုးမသုဉ်းရေး ထောက်ခံသည့်နိုင်ငံများ အများစုရရှိရေးအတွက် ဗြိတိန်နိုင်ငံက အားသွန် ကြိုးပမ်းလျက်ရှိသည်။

လွန်ခဲ့သည့်နှစ်က ဝေလငါးဖမ်းမှု အားပေးသည့်နိုင်ငံများက အိုင်ဒဗလျူစီတွင် နှစ်ပေါင်း ၂၀အတွင်း ပထမအကြိမ်အဖြစ် နိုင်ငံအများစု ထောက်ခံမှုကို ရရှိခဲ့သည်။

အားပေးရန်

ဝေလငါးဖမ်းလုပ်ငန်းကို ဆန့်ကျင်သည့်နိုင်ငံများကို အားပေးရန် ရည်ရွယ်လျက် ဗြိတိန်အစိုးရက လာမည့်ရက်သတ္တပတ်တွင် လက်ကမ်းစာစောင်တစ်ခု ထုတ်ရန် စီစဉ်ထားသည်။

ကြေညာ

ဝေလငါးအမျိုးအစား အချို့မျိုးသုဉ်းမည့် အန္တရာယ်ရှိကြောင်း၊ ဝေလငါးများမှာ နူးညံ့သိမ်မွေ့ပြီး အံ့နှင့်ကျင်းနှင့်နေတတ်သည့် သတ္တဝါများဖြစ်ကြောင်း ဗြိတိန်ကကြေညာသည်။ ထိုအကြောင်းပြချက်များမှာ ရိုးနေသည့်ဓာတ်ပြားဟောင်းသာဖြစ်ပြီး မမှန်တစ်ဝက်၊ မှန်တစ်ဝက်ဖြစ်သည်ဟု ဂျပန်ကကြေညာသည်။

(အင်တာနက်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဖုန်ဆဗက်ဘိုဖာ၊ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် ဘိုကဲယိုပြည်နယ်ဥက္ကဋ္ဌတို့ ဝမ်ပုံနယ်စပ် စစ်ဆေးရေးစခန်းကို နိုင်ငံတကာ အဆင့်ရှိသည့် နယ်စပ်စစ်ဆေးရေးစခန်းအဖြစ် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(နိုင်ငံခြားရေး)

ဒေသခံပြည်သူများ စီးပွားရေးနှင့်လူနေမှုအဆင့်အတန်းမြင့်တင်ရေးအထောက်အကူပြု မြန်မာ–လာအို နယ်စပ်စစ်ဆေးရေးစခန်းများ အဆင့်မြှင့်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ဝမ်ပုံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘိုကဲယိုပြည်နယ် မိန်းမောရှိ နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးစခန်းများကို နိုင်ငံတကာအဆင့်ရှိသည့် နယ်စပ်စစ်ဆေးရေးစခန်းများအဖြစ်သို့ အဆင့်မြှင့်ဖွင့်လှစ်သည့် အခမ်းအနားများကို ဇန်နဝါရီ ၂၉ ရက်တွင် အဆိုပါစခန်းများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

တက်ရောက်

ယင်းအခမ်းအနားများသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဦးဆောင်ပြီး လာအို ကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖုန်ဆဗက်ဘိုဖာက ဦးဆောင်၍ တက်ရောက်ခဲ့ကြသည်။ ထို့အပြင် ဧည့်သည်တော်များအဖြစ် တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တာချီလိတ်ခရိုင် မိုင်းဘုန်း(က) ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ၊ ဘိုကဲယိုပြည်နယ်ဥက္ကဋ္ဌ မစ္စတာ ခမ်းမန်ဆွန်ပိလေ့နှင့် ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် လာအိုဘက်ကမ်းရှိ မိန်းမောနယ်စပ်စစ်ဆေးရေးစခန်း၌ နိုင်ငံတကာအဆင့်ရှိသော စစ်ဆေးရေးစခန်းအဖြစ် တရားဝင် သတ်မှတ်ဖွင့်လှစ်သည့် အခမ်းအနားကို ကျင်းပရာ လာအိုနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ ဘိုကဲယို ပြည်နယ်ဥက္ကဋ္ဌနှင့် တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ နံနက် ၁၀နာရီတွင် မြန်မာဘက်ကမ်းရှိ ဝမ်ပုံနယ်စပ် စစ်ဆေးရေးစခန်းကို နိုင်ငံတကာအဆင့်ရှိသည့် စစ်ဆေးရေးစခန်းအဖြစ် တရားဝင် သတ်မှတ်ဖွင့်လှစ်သည့် အခမ်းအနားကို ကျင်းပရာ မြန်မာနှင့်လာအို နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ၊ တာချီလိတ် တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ဘိုကဲယိုပြည်နယ်ဥက္ကဋ္ဌနှင့် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ကဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

အထောက်အကူပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့၏ နယ်နိမိတ်ဖြစ်သည့် မဲခေါင်မြစ်ကြီး၏ တစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင်တည်ရှိသော ဝမ်ပုံနှင့် မိန်းမောတို့ရှိ နယ်စပ်စစ်ဆေးရေးစခန်းများသည် ယခုအခါ နိုင်ငံတကာကမ္ဘာလှည့်ခရီးသည်များနှင့် တတိယနိုင်ငံများမှ ဧည့်သည်များအတွက် နိုင်ငံတကာအဆင့်ရှိသောနယ်စပ်စစ်ဆေးရေးစခန်းများအဖြစ် တရားဝင်တည်ရှိနေပြီး ဖြစ်သည်။ ယခုကဲ့သို့ နှစ်နိုင်ငံ နယ်စပ်စစ်ဆေးရေးစခန်းများကို နိုင်ငံတကာ အဆင့်ရှိသည့် စခန်းများအဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့သည့်အတွက် မြန်မာနှင့် လာအို နှစ်ဖက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များအနေဖြင့် ဤဒေသသို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုတိုးတက်လာရောက်လည်ပတ်ကာ ဒေသ၏ သဘာဝအလှအပများနှင့် ရိုးရာအစဉ်အလာမပျက် ဖြူစင်ရိုးသားသော ဒေသခံပြည်သူတို့၏ လူနေမှုစနစ်များကို ကြည့်ရှုလေ့လာနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပြီး ဒေသခံ ပြည်သူလူထု၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်တင်ရေးအတွက်လည်း အထောက်အကူဖြစ်စေရန် မျှော်လင့်လျက်ရှိကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားများ ကျင်းပသည့် ရက်မတိုင်မီ ဇန်နဝါရီ ၂၇ရက်တွင် လာအိုဒုတိယနိုင်ငံခြားရေးဝန်ကြီးခေါင်းဆောင်သည့်အဖွဲ့ဝင်၁၂ဦးပါ လာအိုချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဝမ်ပုံမှတစ်ဆင့် တာချီလိတ်မြို့သို့ လာရောက်လည်ပတ်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၈ရက်တွင် လာအို၊ မိန်းမောမှတစ်ဆင့် ဒေါင်ဆောကျွန်းသို့ လည်းကောင်း၊ ဘိုကဲယိုပြည်နယ်မြို့တော်ဟွေဆိုင်းမြို့သို့လည်းကောင်းသွားရောက်လည်ပတ်ခဲ့ကြသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

လျှပ်စစ် ယူနစ်ပျောက်ဆုံးမှု အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တန်းမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးက ဓာတ်အားလိုင်းနှင့် ခွဲရုံ အခြေအနေများ၊ ဝန်ထမ်းအင်အား အခြေအနေများနှင့် လျှပ်စစ်ဓာတ်အား လက်ခံဖြန့်ဖြူးမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လဲလှယ်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာကေတ ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီးစက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်ခြင်းဆောင်ရွက်နေမှု၊သာကေတ အမှတ်(၁)စက်၌ လျှပ်စစ်ကျွမ်းကျင်လုပ်သားများ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးအတွက် ပစ္စည်းများအမြန်ဆုံးလဲလှယ်ဆောင်ရွက်စေလိုကြောင်း မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် (အမျိုးသား၊အမျိုးသမီး) စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အတွင်းရေးမှူး မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) နှင့် ဖုန်း–၂၀၀၃၁၀၊ ၂၀၀၃၀၉နှင့် ၂၈၇၃၈၀တို့သို့ ဖေဖော်ဝါရီ ၉ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြသည်။

ပြိုင်ပွဲခရီးစဉ်မှာ ရန်ကုန်–လက်ပံတန်း–ပြည်–မကွေး–မြင်းခြံ–မန္တလေး–မိတ္ထီလာ–ပျဉ်းမနား–နေပြည်တော်– တောင်ငူ–ညောင်လေးပင်–ရန်ကုန် ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ရက်တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ပန်းဝင်ကြရမည်ဖြစ်ကြောင်း အသက် ၁၈နှစ်မှ ၅၀ အတွင်းရှိသူများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဇန်နဝါရီ ၂၈ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၈)၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် စတုတ္ထတန်း၌ မြို့နယ်အဆင့် ဘက်စုံထူးချွန် ပထမဆုရရှိသော မဆုနန္ဒာအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်တင်တင်မြက ဆုချီးမြှင့်စဉ်။ (က–ပ)

● ကျောဖုံးမှ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ကမ်းတံတားကြီးပေါ်ရှိ သံကူကွန်ကရစ်ကြမ်းခင်း ကွန်ကရစ်သွန်းလောင်းနေမှုနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများ၊ လွန်းထိုးနေရာရွှေ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဒဂုံတံတား

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး စုစုပေါင်း အရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ချဉ်းကပ်တံတား ရန်ကုန်ဘက်ကမ်းနှင့် သန်လျင်ဘက်ကမ်း လုပ်ငန်းများပြီးစီးကာ ပင်မတံတားတွင် အခန်းပေါင်း ၁၈ ခန်းရှိသည့်အနက် ၁၄ ခန်းပြီးစီး၍ တံတားတိုင်အမှတ်(P-12)၏ R.C.D ဘိုးပိုင်လုပ်ငန်းတွင် ၂၂လုံးရှိသည့်အနက် ၁၆ လုံး ဆောင်ရွက်ပြီးစီးပြီး တံတားတိုင်အမှတ် (P-11)၏ သံကူကွန်ကရစ် အစွန်းထွက်ရက်မကြမ်းခင်း၊ တံတားတိုင် (P-13)၏ သံကူကွန်ကရစ်ရက်မနှင့် ကြိုတင်အားဖြည့်သံကူကွန်ကရစ် ရက်မတင်၍ သံကူကွန်ကရစ်ကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အခန်းလေးခန်းသာကျန်ရှိပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကားမောင်းရင်း လက်ကိုင်ဖုန်းပြောခြင်းသည် ဦးနှောက်ထုံထိုင်းမှု ဖြစ်စေနိုင်

မော်တော်ယာဉ်မောင်းနှင်ရင်း မိုဘိုင်းလ်ဖုန်းပြောကြားခြင်း အလေ့အကျင့်သည် ဦးနှောက်ထုံထိုင်းမှုကို ဖြစ်ပေါ်စေတတ်ကြောင်း သုတေသနပညာရှင် ဒေါက်တာပေါလ်ဒေါ့က ပြောကြားလိုက်သည်။

တစ်ပြိုင်တည်း

အလုပ်နှစ်ခုကို တစ်ပြိုင်နက်တည်း လုပ်ကိုင်ခြင်းသည် လတ်တလော၌ ချက်ချင်းချိန်ကိုက်လုပ်နိုင်သည်ဟု ယူဆရသော်လည်း အမှန်တကယ်အဖြစ်ကမူ ပထမအလုပ်ကို ဦးနှောက်က စေစားပြီးနောက် တစ်စက္ကန့်အောက် လျော့နည်းသည့် မီလီစက္ကန့် ၃၀၀ ခန့်တွင်မှ နောက်အလုပ်တစ်ခုကို စေစားလုပ်ကိုင်စေခြင်းဖြစ်သည်ဟု အမေရိကန်သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာပေါလ်ဒေါ့က ပြောကြားသည်။

အလုပ်နှစ်ခု

ထိုသို့အလုပ်နှစ်ခုကို ဦးနှောက်က မနိုင်မနင်းပြုလုပ်ရသည့် အကြိမ်များလာလျှင် သို့မဟုတ် အချိန်ကြာလာလျှင် ဦးနှောက်၏ လုပ်ငန်းဆောင်တာများ ထိခိုက်ကာ ဦးနှောက်ထုံထိုင်းမှုဖြစ်စေကြောင်း သုတေသနပြုချက်အရ သိရှိရသည်ဟု ၎င်းက ပြောဆိုသည်။

သတိထားသင့်

ထို့ကြောင့် ဦးနှောက်ထုံထိုင်းမှုကို ဖြစ်စေတတ်သည့် တစ်ပြိုင်တည်းအလုပ်နှစ်လုပ်ကို မပြုလုပ်ကြခြင်းဖြင့် မိမိတို့ဦးနှောက်ကို အမြဲ လန်းဆန်းနေစေအောင် သတိထားလုပ်ဆောင်သင့်ကြောင်း ဒေါက်တာ ပေါလ်ဒေါ့က သတိပေးလိုက်သည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ပြည်တော်ပြန်တန်ခိုးရှင် မြသိန်းတန်ရုပ်ပွားတော် အကြိမ်(၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၃၀

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းရှိ ပြည်တော်ပြန်တန်ခိုးရှင် မြသိန်းတန်ရုပ်ပွားတော်မြတ်ကြီး၏ အကြိမ်(၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဓမ္မပူဇာတရားပွဲဖြင့်ကျင်းပရာ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီတွင် အရှင်ခေမာသီရိလင်္ကာရ(သီတဂူကြာတစ်ပွင့်)ဆရာတော် ဟောကြားတော်မူမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ဆွမ်းတော်ကြီးမဲများ ပို့ဆောင်လှူဒါန်းကြသူများအားကျွေးမွေးဧည့်ခံပြီး ဖေဖော်ဝါရီ ၄ရက် နံနက်၉နာရီတွင် ပင့်သံဃာအပါး၄၀တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး ရေစက်သွန်းချတရားတော် နာယူကြမည်ဖြစ်သည်။ ကြိုတင်လှူဒါန်းလိုသော စေတနာရှင်များသည် မြသိန်းတန်အောင်ဓမ္မာရုံကြီးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၉)**

စိန်ဂျွန်းကျောင်းသားဟောင်းများ ထမနဲပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိန်ဂျွန်းကျောင်းသားဟောင်းများအသင်း၏ (၁၀၉)နှစ်မြောက် ထမနဲပွဲကို ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့)တွင် ညနေ ၄နာရီခွဲမှ ည၇နာရီအထိ အမှတ်(၃၁) ဗဟိုလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ စိန်ဂျွန်းကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြောင်းမြမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၀

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ပညာသင်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ကျင်းပရာ ဥက္ကဋ္ဌဦးကျော်ဝင်းက အဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးအဘိုးအဘွား ၁၀၈ဦးအားကန်တော့ငွေ ပစ္စည်းများဖြင့် ပူဇော် ကန်တော့ပြီး နာယကများနှင့် အမှုဆောင်များက ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီး ၁၈ဦးအား ပညာရည်ချွန်ဆုနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူ ၁၀ဦးအား ပညာသင်ဆုများချီးမြှင့်ကြပြီး**(အပေါ်ပုံ)** အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို တင်ပြအတည်ပြုကြသည်။

အမှာစကား

ဆက်လက်၍ ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် အသင်းနာယကများနှင့် အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌဟောင်း ဦးကျော်ဝင်းက ဥက္ကဋ္ဌသစ်ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)အား တာဝန်များလွှဲပြောင်းပေးအပ်ကာ ဥက္ကဋ္ဌသစ်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(က-ပ)**

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၂ ခုနှစ် စာပေဗိမာန်စာပဒေသာ ဒုတိယဆုရ ယောနကဘိုးထောင် ရေးသားသည့် **"ပန်းအလင်္ကာ"** စာအုပ်၊ လူငယ်စာပေ ဒုတိယဆုရ တင့်ထွန်း (ချောက်) ရေးသားသည့် **"မြဟွှစိုရ် အရပ်က ရွာသောမိုး"** စာအုပ်၊ ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရ အေးအေးစိုး (ဖျာပုံ) ရေးသားသည့် **"ရုပ်ရှင်သမိုင်းနှင့် မြန်မာ့ရုပ်ရှင်မှတ်တမ်း"** စာအုပ်နှင့် ၂၀၀၃ခုနှစ်၊ ပခုက္ကူဦးအုံးဖေစာပေဆုရရှိကြသော သုတေသနစာပေတတိယဆုရ ရွှေနဂါးတင်ဝင်း ရေးသားသည့် **"ထာဝရတည်မြဲသော စွမ်းအင်"** စာအုပ်၊ ဝတ္ထုရှည် တတိယဆုရ သွဲ့ထားညို (သက္ကလ) ရေးသားသည့် **"လေကို ဆန်သောပန်းသဇင်"** စာအုပ်၊ ၂၀၀၄ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ တွင်းကြီးသားတင်ဝင်းဦး ရေးသားသည့် **"သူသူ့အနွယ် သူ့နယ်ကို ချစ်သည်နှင့် အခြားဝတ္ထုတိုများ"** စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို ရန်ကုန်မြို့၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ရတနာပုံ ဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိစာပေ ဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်း ရောဂါရှာဖွေရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံနှင့် ယခင် ကြက်ငှက်တုပ်ကွေးရောဂါ

၂၀၀၆ခုနှစ် မတ် ၈ရက်မှ ဧပြီ ၇ ရက်အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း ၁၃ မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သဖြင့် ကြက် ၃ ဒသမ ၃ သိန်းနှင့် ငုံး ၃ ဒသမ ၂ သိန်း ဖျက်ဆီးခဲ့ပါသည်။

ရောဂါထိန်းချုပ်မှုနှင့် ရောဂါကင်းရှင်းကြောင်းကြေညာခဲ့ခြင်း

ရောဂါထိန်းချုပ်ထားနိုင်ခဲ့ပြီးနောက် ကြက်ငှက်တုပ်ကွေးရောဂါပိုး H5N1 အကြွင်းအကျန် ရှိ၊ မရှိကို ရောဂါဖြစ်ပွားသည့် နယ်နိမိတ်အတွင်းနှင့် နယ်နိမိတ် ပြင်ပနေရာများ၊ ရောဂါမဖြစ်ပွားခဲ့သော်လည်း ကြက်ဘဲထူထပ်ပြီး ငှက်ရိုင်းများ နားခိုတတ်သည့်နေရာများနှင့် အနီးပတ်ဝန်းကျင်နေရာများ အတွင်း ဓာတ်ခွဲခန်းစစ်ဆေးနည်းများအရ ရောဂါရှာဖွေစစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး H5N1 မတွေ့ရှိတော့သဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)၏ ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေနှင့်အညီ ၄-၉-၂၀၀၆ ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းကြောင်း ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်သို့ ပေးပို့ကြေညာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကို ပြည်ပအဖွဲ့အစည်းများက အသိအမှတ်ပြုခြင်း

၁၆-၁၀-၂၀၀၆ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဆင့်တူ ကုလသမဂ္ဂစနစ်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးနှင့် လူတုပ်ကွေး အကြီးတန်းပေါင်းစပ်ညှိနှိုင်းရေးမှူး Dr. David Nabarro သည် မြန်မာနိုင်ငံသို့ ကွင်းဆင်းလေ့လာခဲ့ပြီး ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှုနှင့် ပတ်သက်၍ ၂၀-၁၀-၂၀၀၆ရက် ဗန်ကောက်သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံ၏ ပွင့်လင်းစွာတင်ပြမှု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်မှု၊ အချိန်တိုအတွင်းရောဂါထိန်းချုပ်နိုင်မှု၊ ရောဂါကင်းရှင်းကြောင်း ကြေညာနိုင်ခဲ့မှု၊ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ မကူးစက်မှုတို့ကို အသိအမှတ်ပြုခဲ့ပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းပြီးနောက် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

မွေးမြူရေးဇုန်တည်ထောင်ခြင်း(Rehabilitation)၊ မွေးမြူရေးအခြေခံအဆောက်အအုံပြုပြင်မွမ်းမံခြင်း(Restructuring)၊ ကြက်ပြန်လည်ထည့်သွင်းမွေးမြူခြင်း(Restocking) ရောဂါကျရောက်စဉ် ဖျက်ဆီးခံခဲ့ရသော ကြက်ခြံများအတွက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် မုံရွာ၊ ရေဦး၊ ခင်ဦး၊ ကန့်ဘလူ၊ ရွှေဘိုမြို့နယ်တို့တွင် ကြက်မွေးမြူရေးလုပ်ငန်း သီးခြားဆောင်ရွက်နိုင်ရန် ၈ ဧကမှ ၂၆ ဧကအထိ မြေနေရာ စုစုပေါင်း ၉၃ ဧကကို ကြက်မွေးမြူရေးဇုန်အဖြစ် လူနေရာများနှင့် အဆက်အသွယ်မရှိသည့် မြို့ပြင်နေရာများကို သတ်မှတ်ပေးခဲ့ပါသည်။ မွေးမြူရေးဇုန်အတွင်း တယ်လီဖုန်းတပ်ဆင်ခြင်း၊ စက်ရေတွင်း ၁၈တွင်း တူးဖော်ခြင်း၊ ထရန်စဖော်မာများ တပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအစီအမံဖြင့် ၂၀-၁၂-၂၀၀၆ရက်အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ပြန်လည်ထည့်သွင်းမွေးမြူသူ ၄၇ ဦးအတွက် ကြက်သားပေါက် ၇၈၃၈၈ ကောင်၊ တန်ဖိုးငွေကျပ် ၃၀၁ ဒသမ ၂ သိန်း ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ တိုင်းနှစ်တိုင်းအတွက် မွေးမြူသူ ၁၃၄ ဦးအား ကြက်ကောင်ရေ၉၀၃၄၀ တန်ဖိုးငွေ ကျပ် ၂၁၆ ဒသမ ၅၉ သိန်း ဆက်လက်ဖြန့်ဖြူးပေးသွားရန် အစီအစဉ်ချမှတ်ထားပါသည်။

ဘဏ်ချေးငွေ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစီအမံဖြင့် မွေးမြူသူ ၇၀အား ကြက်မွေးမြူရေးဇုန်အတွင်း ပြန်လည်မွေးမြူရေး ဆောင်ရွက်ရာ၌ ရင်းနှီးလည်ပတ်ငွေ အထောက်အကူပြုနိုင်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ်သိန်း ၅၀၀ကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ၁၆-၁-၂၀၀၇ရက်တွင် ထုတ်ချေးပေးခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာအထောက်အပံ့

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အထောက်အပံ့ ပံ့ပိုးကူညီမှုများ လက်ခံရယူဆောင်ရွက်လျက်ရှိရာတွင် ဂျပန်အစိုးရအထောက်အပံ့ (Japanese grass root assistance)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထောက်အပံ့၊ ထိုင်းနိုင်ငံ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးမှုဌာနအကူအညီ၊ CARE Myanmar၏ပူးပေါင်းဆောင်ရွက်မှု၊ အမေရိကန်နိုင်ငံအစိုးရ အထောက်အပံ့ (USAID)၊ ဩစတြေးလျနိုင်ငံအထောက်အပံ့ (Aus AID)နှင့် ဂျပန်နိုင်ငံအစိုးရ အထူးရန်ပုံငွေ(Japanese Trust Fund)တို့အရ FAO, OIE, UNICEF တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာလအထိ ကူညီထောက်ပံ့မှု အမေရိကန်ဒေါ်လာ ၄ဒသမ၈၄သန်းကိုအသုံးပြုပြီး FAO, OIE, UNICEF တို့ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများပို့ချခြင်း

လူနှင့်ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ရောဂါစူးစမ်းရှာဖွေရေးနှင့် လျင်မြန်စွာအရေးယူဆောင်ရွက်ခြင်းသင်တန်း၊ ဇီဝလုံခြုံရေးသင်တန်း၊ သတင်းရယူဖြန့်ချိရေးသင်တန်း၊ ပြည်သူလူထုအသိမြှင့်တင်ရေးသင်တန်းများကိုလည်းကောင်း၊ ငှက်ရိုင်းများစောင့်ကြည့်လေ့လာရေး၊ အခြေခံရောဂါစူးစမ်းရှာဖွေရေး၊ နယ်စပ်ကျော်တိရစ္ဆာန်ရောဂါများတားဆီးကာကွယ်ရေး၊ ရောဂါထိန်းချုပ်မှုသဏ္ဍာန်တူ လေ့ကျင့်ရေး၊ အရေးပေါ်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ဆေးအသုံးပြုရေးနည်းလမ်း၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲတွင် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးပြက်လုံးများထည့်သွင်းရေး စသော အလုပ်ရုံဆွေးနွေးပွဲများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့အောက်ရှိ ဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ မွေးမြူရေးအဖွဲ့ဝင်များ၊ ပုဂ္ဂလိက၊ သတင်းနှင့်စာနယ်ဇင်းမှ သတင်းထောက်များ၊ စုစုပေါင်း ၄၀၆ ဦးကို သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆွေးနွေးခြင်း ပြုလုပ်ခဲ့ပါသည်။ ၎င်းအပြင် ကျေးလက်နေထိုင်သူများနှင့် မွေးမြူသူဦးရေ စုစုပေါင်း ၈၀၀၀၀အား ဆင့်ပွားပညာပေးသင်တန်းများ ပို့ချနိုင်ခဲ့ပါသည်။

ပြည်သူလူထုအသိပညာမြှင့်တင်ခြင်း သတင်းပေးပို့ဆက်သွယ်မှုစနစ်များကျင့်သုံးခြင်း

ကြက်ငှက်တုပ်ကွေးနှင့် လူတုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်ရေး အရေးပေါ်ထိန်းချုပ်မှုများအတွက် ပြည်သူလူထု အသိပညာမြှင့်တင်ရန်နှင့် သတင်းရယူဆက်သွယ် အကြောင်းကြားမှုစနစ်များ မြှင့်တင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် FAO, WHO, UNICEF, JICA, CARE Myanmarတို့နှင့်ပူးပေါင်း၍ ပညာပေးနံရံကပ်ပိုစတာများ ၁၀၃၇၃၃၊ ပညာပေးလက်ကမ်းစာစောင်များ ၄၉၈၀၀၀၊ လမ်းဘေးစိုက်ထူပိုစတာ ၂၅၀၊ ပညာပေးစာအုပ် ၁၈၀၄၂တို့ကို ရိုက်နှိပ်ဖြန့်ဝေထားရှိပြီး ဖြစ်ပါသည်။

UNICEFနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အသိပညာရယူမှုအလေ့အကျင့်နှင့် ပညာပေးဆန်းစစ်ချက် (KAP)ကို ပြည်နယ်၊ တိုင်း၊ မြို့နယ်များအတွင်း ၁၂၆၅၆ အိမ်ထောင်စု၌လည်း ဆန်းစစ်ထားရှိပြီးဖြစ်ပါသည်။ UNICEF နှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်း၍ တစ်ကိုယ်ရည်ကာကွယ်မှုတွင် အသုံးပြုသည့် နှာခေါင်းစီး၊ လက်အိတ်နှင့် သန့်ရှင်းရေးသုံးဆပ်ပြာတို့ကို တစ်မျိုးလျှင် အရေအတွက်နှစ်သိန်းမှ ၁၅ သိန်း ဖြန့်ဖြူးနိုင်ရန် စုဆောင်းထားပြီးဖြစ်၍ ပြည်နယ်၊ တိုင်းအသီးသီးရှိ ကျေးရွာအရောက် မွေးမြူသူများ၊ ပြည်သူများ၊ ကျန်းမာရေးလုပ်သားများနှင့် ကျောင်းသားကျောင်းသူများသို့ စတင်ဖြန့်ဝေလျက်ရှိပါသည်။

ကြက်ငှက်တုပ်ကွေးရောဂါစူးစမ်းရှာဖွေစစ်ဆေးမှု

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရောဂါစူးစမ်းရှာဖွေရေးအဖွဲ့သည် ဗဟိုရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် ဒေသဆိုင်ရာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသုံးခုမှ ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများနှင့် မြို့နယ်ဝန်ထမ်းများ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အရေးပါသည့် ကြက်ဘဲထူထပ်သည့် နေရာများ၊ ငှက်ရိုင်းများ နားခိုတတ်သည့် ပတ်ဝန်းကျင်ဒေသများ၊ နယ်စပ်ကျော် ဆောင်းခိုငှက်များ ကျရောက်တတ်သည့် နေရာပတ်ဝန်းကျင်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေမှုများကို FAO ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကချင်ပြည်နယ်တို့ရှိ မြို့နယ် ၃၀မှ ကြက် ၁၀၄၅၁၁ ကောင်၊ ဘဲ ၁၃၈၈၀၊ ငုံး ၄၀၁၀၊ ဝက်ကိုးကောင်တို့မှ သွေးရည်ကြည်နမူနာ ၄၀၁၅ ခု၊ စအိုနှင့်လည်မျိုတို့မှ နမူနာ ၁၅၃၀နှင့် ကျင်ကြီးနမူနာ ၆၆ ခုတို့ကို ရယူစစ်ဆေးခဲ့ပါသည်။ ဘဲများမှရယူသော နမူနာ ခုနစ်ခုတွင် ကြက်ငှက်တုပ်ကွေး ခုခံပဋိပစ္စည်းတွေ့ရှိသော်လည်း ဗိုင်းရပ်စ်ပိုးစွန့်ထုတ်မှု (virus shedding) မရှိကြောင်းနှင့် စစ်ဆေးပြီး ရောဂါနမူနာအားလုံး၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး H5N1 မတွေ့ရှိပါ။ ရန်ကုန်တိုင်းအတွင်းရှိ မိဘမျိုးရိုးကြက်ခြံ ၁၂ခုမှ သွေးရည်ကြည် ၁၃၂၀၊ ကြက်ဥဖောက်စက်ကိုးခု၏ ကြက်ဥ ၆၅၉၅၅လုံးမှ ရောဂါနမူနာ ၉၇၂ ခု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာတောင်ညွန့် ကြက်ဘဲဒိုင်မှ ကြက်ဘဲသွေးရည်ကြည် ၇၈၁ ခု၊ အခြားရောဂါနမူနာ ၈၆၈ခုနှင့် ရန်ကုန်တိုင်းအတွင်း ဩဂုတ်လမှဒီဇင်ဘာလအထိ အခြားပြည်နယ်၊ တိုင်းများသို့ဖြန့်ဖြူးခဲ့သည့် ကြက်သားပေါက် ကောင်ရေ သိန်း၃၀ ကို မဖြန့်ဖြူးမီ စစ်ဆေးခဲ့ရာ H5N1 ရောဂါပိုး မတွေ့ရှိပါ။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်း

မြန်မာနိုင်ငံဒေသအသီးသီး၌ ၂၀၀၆ခုနှစ် ဇူလိုင်မှ စတင်၍ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ မွေးမြူထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေး၊ သတင်းဆက်သွယ်ထောက်လှမ်းမှုများအရလည်းကောင်း၊ ကြက်ဘဲထူထပ်သည့်နေရာများ၊ ငှက်ရိုင်းများနှင့် ထိစပ်သည့်နေရာများ၊ ကြက်ခြံများနှင့် ဥဖောက်စက်များကို ရောဂါစူးစမ်းစစ်ဆေးမှုများအရလည်းကောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါပိုး H5N1 မတွေ့ရှိရကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ Websiteဖြစ်သည့် www.livestock fisheries.gov.mm တွင် တင်ပြထားရှိကြောင်း ဖော်ပြထားပါသည်။

ပြည်သူလူထုသို့ သတိပေးနှိုးဆော်ချက်

ယခုအချိန်ကာလသည် မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းနေပြီ ဖြစ်သော်လည်း ရောဂါကင်းရှင်းမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် မွေးမြူထုတ်လုပ်ရောင်းချရေးအသိနှင့် ကျန်းမာရေးသတိဖြင့် ထိတွေ့စားသုံးရန် လိုအပ်သည့်အားလျော်စွာ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ မွေးမြူသူများ၊ အသားပြုပြင်ထုတ်လုပ်ရောင်းချသူများ၊ စားသုံးသူများအနေဖြင့် မွေးမြူထုတ်လုပ်မှုနှင့် ဆက်စပ်သော ကျန်းမာရေးဆိုင်ရာ ထူးခြားချက်များတွေ့ရှိပါက ကျေးရွာ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆောလျင်စွာ အကြောင်းကြားပေးပို့ခြင်းဖြင့် ဆောလျင်စွာ ရောဂါစစ်ဆေးနိုင်ပြီး ချက်ချင်းအရေးယူဆောင်ရွက်နိုင်မည် ဖြစ်ပါ၍ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

။ **မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။**

✻ ရှေ့ဖုံးမှ

အဆိုပါ ဆုနှင်းသဘင်အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသား စာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ၊ ပုဂ္ဂလိကစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ စာပေဆုနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူ များ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုနှင်းသဘင်အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းက ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်စန်းစန်းယဉ်က ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အားထုတ်ကြိုးပမ်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး တင့်တင့်တယ်တယ် ထည်ထည်ဝါဝါရပ်တည်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး တို့နှင့်ယှဉ်တွဲပြီး အမျိုးသားပညာရည်မြင့်မားမှု၊ အမျိုးသားယဉ်ကျေးမှုအဆင့် အတန်း မြင့်မားခိုင်မာမှုနှင့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ခိုင်မာမှုဂုဏ်ရည်တို့ကိုပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် အားထုတ်ကြိုးပမ်းကြရန်လိုအပ်ကြောင်း။

ထို့အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ရုပ်ပိုင်းဘဝ ဖွံ့ဖြိုးမှု ဆိုင်ရာအခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေး လျက်ရှိသကဲ့သို့ ပြည်သူများ၏ စိတ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု ယဉ်ကျေးမှုအနုပညာရပ်အသီးသီး စည်ပင်ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင်အခမ်းအနားတွင် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အားပေးချီးမြှောက်

အထူးသဖြင့် အမျိုးသားယဉ်ကျေးမှု၏အရင်းအမြစ်ဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ပြနေသည့် ဂုဏ်ဒြပ်တစ်ခု လည်းဖြစ်သည့် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးချီးမြှောက် စောင့်ရှောက်လျက် ရှိကြောင်း။

မြန်မာစာပေ ရှင်သန်တိုးတက်ဖြစ်ထွန်းမှု ပင်မရေစီးကြောင်းကို အမှိုက် သရိုက်ကင်းစင်စွာဖြင့် အားကောင်းမောင်းသန် အရှိန်အဟုန်ဖြင့် စီးဆင်းနေ စေရန်ဆိုရာတွင် နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှုသာမက စာပေ ပညာရှင်များ၊ စာဆိုများ၊ စာပေဝါသနာရှင်များအားလုံး၏ အမျိုးသားရေး စိတ်ဓာတ်ဖြင့်ယှဉ်သော ကြိုးပမ်းအားထုတ်မှုများသည် ပဓာနကျသည့် အခန်း ကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

စာပေတန်ဖိုးကြီးမားပြီး အမျိုးသားရေးအနှစ်သာရနှင့် ပြည့်ဝသည့် စာကောင်းပေမွန်များ၊ စာဖတ်သူအတွက်ရော၊ နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုး များစေမည့် တိုင်းကျိုးပြည်ပြု စာပေများ၊ အမျိုးသားစာပေ ရှင်သန်ထွန်းကား ရေးအတွက် တစ်တပ်တစ်အားဖြစ်စေမည့် ဂန္ထဝင်မြောက် စာယဉ်စာသန့်စာခန့် များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရန် စာဆိုများ၊ စာပေပညာရှင်များကို မဏ္ဍိုင်ထားပြီး အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စာအုပ်များကဲ့သို့သော စာပေတန်ဖိုးမြင့်မားသည့် စာအုပ်များပေါ်ထွန်းလာခဲ့ ခြင်းပင်ဖြစ်ကြောင်း။

အမျိုးသားစာပေ တစ်သက်သာဆုကိုလည်း ၂၀၀၁ ခုနှစ်ကစပြီး ထိုက်ထိုက် တန်တန် ရွေးချယ်ချီးမြှင့်လာခဲ့သည်မှာ ယခုဆိုလျှင် သက်တမ်းအားဖြင့် ငါးနှစ်တာကာလရှိခဲ့ပြီဖြစ်ကြောင်း။

စာပေဗိမာန်စာမူဆုများအနေဖြင့် နိုင်ငံအတွက်လိုအပ်သည့် ပြုစုစာတင် ထိုက်သည့် အကြောင်းအရာများကို ဘာသာရပ် ၁၂ မျိုးခွဲခြား ရေးသားယှဉ်ပြိုင် စေပြီး ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ခြင်းကြောင့် စာပေကလောင်ရှင်သစ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရာရောက်သကဲ့သို့ စာအုပ်စာတမ်းများအဖြစ် မှတ်တမ်းတင် ထိန်းသိမ်းထားထိုက်သည့် မြန်မာ့မှု မြန်မာ့ဟန် မြန်မာ့ဓလေ့ အကြောင်းအရာများနှင့်အတူ ခေတ်မီဆန်းသစ်သော အတွေးအမြင်၊ ဗဟုသုတနှင့် ခေတ်မီနည်းပညာရပ်များ ပေါ်ထွက်ရေးအတွက်ပါ အထောက်အကူ များစွာ ဖြစ်လျက်ရှိကြောင်း။

အမျိုးသားရေးတာဝန်

တည်တံ့ခိုင်မြဲသည့် စာပေလက်ရာများဖြစ်လာစေရန်ဆိုရာတွင် ရသ စာပေကို ရေးသားသည်ဖြစ်စေ၊ သုတစာပေကို ရေးသားသည်ဖြစ်စေ ရည်ရွယ် ချက်နှင့် စေတနာက အကြောင်းရင်းခံဖြစ်ကြောင်း၊ စာပေသည် ပြည်သူကို အလင်းပြရင်း အကျိုးပြုနိုင်မှသာ အမျိုးသားရေးတွင် တာဝန်ကျေရာရောက်မည် ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၅ ခုနှစ် အတွက် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ပထမဆုရ မောင်ပြည့်လှိုင်း (သံတွဲ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဗိုလ်လောင်း လွင်ဘိုဘိုအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း (၁၇)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ပထမဆုရ မဆုမွန်လွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင် ၂၀၀၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အစဉ်အလာကောင်းတစ်ရပ်

နိုင်ငံတော်အစိုးရအနေဖြင့် စာပေလောက ရှင်သန်ထွန်းကားရေးအတွက် ဘက်စုံကဏ္ဍစုံက အားပေးစောင့်ရှောက်လျက်ရှိရာတွင် စာကောင်းပေမွန်များကို အစဉ်တစိုက် ရေးသားဖွဲ့ဆို ဖန်တီးစီခြယ်ပေးကြသည့် စာပေပညာရှင်များနှင့် တကွ စာပေလက်ရာမွန်များကို ရွေးချယ်ဖော်ထုတ် ဂုဏ်ပြုချီးမြှောက်သည့် စာပေဆုနှင်းသဘင်ပွဲများကို မြန်မာစာပေ အားပေးမြှင့်တင်မှု နည်းလမ်းကောင်း တစ်ရပ်၊ အစဉ်အလာကောင်းတစ်ရပ်အဖြစ် ထိုက်ထိုက်တန်တန် စီမံကျင်းပပေး နေခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်က ဦးစီးဦးဆောင်ပြုပြီး ရွေးချယ်ပေးအပ်ချီးမြှင့်နေသည့် စာပေဆုများအနေဖြင့် ယနေ့ချီးမြှင့်သည့် အမျိုးသားစာပေဆုများ၊ စာပေဗိမာန် စာမူဆုများနှင့် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံဆုများအပြင် တပ်မတော်နေ့ စာပေပြိုင်ပွဲဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆု စသည့် စာပေဆု များကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်အားပေးလျက်ရှိကြောင်း။

အစဉ်အလာမပျက်

မျက်မှောက်ခေတ် မြန်မာစာပေနယ်၏ အရှိန်အဟုန်ဖြင့် တိုးတက် ဖြစ်ထွန်းမှုများကိုကြည့်လျှင် ၂၀၀၀ ပြည့်နှစ်က ပုံနှိပ်စာအုပ်အမျိုးပေါင်း ၃၅၀၀ ခန့်ထွက်ရှိခဲ့ရာက ယခုအခါတွင် လစဉ်ထုတ်မဂ္ဂဇင်း ၁၄၀ ကျော်နှင့် အပတ်စဉ် ဂျာနယ် ၁၅၀ ကျော်တို့ကို ထုတ်ဝေလျက်ရှိနေပြီဖြစ်သည့်အတွက် တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်အမျိုးပေါင်းသည် တစ်သောင်းကျော်ရှိနေပြီဖြစ်ကြောင်း၊ အရေအတွက်အရ တိုးပွားလာခဲ့သကဲ့သို့ စာပေအရည်အသွေးပါ အစဉ်အလာ မပျက် တိုးတက်လာခဲ့သည့်အတွက် ယနေ့ချီးမြှင့်ခံရသည့် အမျိုးသားစာပေဆုရ

နိုင်ငံသမိုင်းတွင် တကယ်တမ်း မှတ်တမ်းတင်ခံနိုင်ပြီး မော်ကွန်းတင် ခံထိုက်သည့် စာပေများသည် အမျိုးသားရေးအကျိုးပြု စာပေများပင်ဖြစ်ကြောင်း၊ အမျိုးသားရေးကိုရှေးရှုသည့် စာပေများသည် ပြည်သူတို့ကို မှန်ကန်သည့် အတွေးအမြင် ဗဟုသုတများပေးနိုင်သကဲ့သို့ အချင်းချင်း ရိုင်းပင်းညီညွတ်စေ သည့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် မြန်မာတို့၏ ထူးခြားကောင်းမြတ်သည့် စရိုက်လက္ခဏာ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်ဓာတ် တိုးပွားများစေသည့်အပြင် အသိဉာဏ် ပညာစွမ်းအားဂုဏ်သတ္တိများကိုလည်း စေ့ဆော်ပေးနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း။

ထိုက်တန်စွာအသုံးချ

ထို့ကြောင့် စာပေပညာရှင်များအနေဖြင့် ပြုစုရေးသားကြသည့် စာအုပ် စာမူများသည် သုတ ရသခံစားမှုနှင့်တကွ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေး ဂုဏ်သတ္တိစွမ်းအားတို့ကို ဖြစ်ပေါ်စေပြီး လောကီ၊ လောကုတ္တရာ နီတိကျင့်ဝတ် များနှင့်ပါ အညီအညွတ်ဖြစ်စေရန်၊ ကြိုးစားအားထုတ်ကြရန် လိုအပ်မည် ဖြစ်ကြောင်း၊ ရေးသားပြုစုသူတို့က စိတ်စေတနာကောင်းဖြင့် မျှဝေပေးနိုင်သည်နှင့် အမျှ စာဖတ်သူတို့တွင်လည်း စာပေကပေးသည့် ယဉ်ကျေးမှုအမွေ၊ ပညာဗဟု သုတအမွေတို့ကို အကျိုးရှိထိုက်တန်စွာ ရယူအသုံးချနိုင်မည်ဖြစ်ကြောင်း။

မိမိတို့တွင် မြန်မာရယ်ဟု စတင်ထင်ရှားခဲ့သည့်အချိန်ကစပြီး နိုင်ငံနှင့် လူမျိုးနှင့်ချီပြီး ကောင်းမြတ်သည့်အမွေများကို ဆက်ခံရရှိထားသည်ကိုလည်း မမေ့အပ်ဘူးဟု ပြောကြားလိုကြောင်း၊ မျက်မှောက်ခေတ်တိုင်အောင် မပျောက် ပျက် မတိမ်ကောအောင် မြန်မာလူမျိုးတို့ ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့ သည့် အမျိုးသားရေးအမွေအနှစ်များစွာထဲတွင် စာပေသည် အလွန်တန်ဖိုးကြီးမား သည့် ဘိုးဘွားအမွေအနှစ် တစ်ခုဖြစ်ကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁ သို့***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ မင်းသျှင်အောင်(တွံတေး)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ ဘာသာပြန်-ရသစာပေဆုရ မောင်ရဲခိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ သုတပဒေသာ-အသုံးချသိပ္ပံဆုရ ဝင်းချစ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်များ ဝင်ရောက်လာမှုကို စောင့်ရှောက်ကာကွယ်ပေးမည့် အမျိုးသားရေးခံကတုတ်အဖြစ်ဖြင့် စာပေစွမ်းအားကို အခိုင်အမာတည်ဆောက်

စာမျက်နှာ ၇ မှ

သမိုင်းပေးတာဝန်

မြန်မာ့သမိုင်း၏ အမျိုးသားရေးအမွေခံကောင်းများကို ဆက်ခံခွင့်ရခဲ့သည့် မိမိတို့သည် အမွေခံထိုက်သူများဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကြွယ်ဝလှသည့် စာပေအမွေအနှစ်၊ အမျိုးသားရေးအမွေအနှစ်များကို ထာဝရခိုင်မြဲအောင်၊ ပွားများအောင် ကြံဆောင်ရင်း မျိုးဆက်သစ်များထံ မပျက်မယွင်း လက်ဆင့်ကမ်းနိုင်ရန် လိုအပ်ကြောင်း၊ စာပေ ရေးသားဖန်တီးသူ ကလောင်ရှင်များအဖို့ ဤတာဝန်သည် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အမျိုးသားစာပေကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမှသာ စိတ်ဓာတ်၏ အစာဖြစ်သည့် စာပေအနုပညာလက်ရာများကို စာဖတ်သူတို့ ပြည့်ပြည့်ဝဝခံစားရပြီး မှန်ကန်သည့် အသိတရားများကို ရယူနိုင်မည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် တစ်ခေတ်ထွန်းကားလာမည့် စာရေးဆရာ၊ ကဗျာဆရာ၊ စာနယ်ဇင်းဆရာတို့အတွက်လည်း စံနမူနာယူနိုင်သည့်လက်ရာများအဖြစ် ကျန်ရစ်မည်ဖြစ်ကြောင်း။

ထိန်းသိမ်းဆက်ခံ

သမိုင်းအစဉ်အဆက်ပေါ်ထွန်းခဲ့သည့် ပျို့၊ ကဗျာ၊ လင်္ကာကျန်းဂန်များကြောင့် မြန်မာလူမျိုးတို့တွင် ကိုယ်နှုတ်နှလုံးယဉ်ကျေးခြင်း၊ စိတ်ထားဖြူစင်ဖြောင့်မတ်ခြင်း၊ စိတ်ဓာတ် ရဲရင့်တည်ကြည်ခြင်း၊ အမျိုးဂုဏ် ဇာတိဂုဏ် ရှင်သန်စွာ အမျိုးသားရေးအမြင် ကြည်လင်ပြတ်သားစွာ စွမ်းဆောင်နိုင်ခြင်းဆိုသည့် အကျိုးတရားများကိုရရှိစေခဲ့ကြောင်း၊ ဤအမွေခံ ရိုးရာအရည်အသွေးကောင်းများကို ထိန်းသိမ်းဆက်ခံရင်း အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ရေးတွင် မြန်မာစာပေ၏ အနှစ်သာရနှင့်စွမ်းအားကို အမျိုးသားရေး လက်နက်ကောင်းသဖွယ် တွင်ကျယ်ထိရောက်စွာအသုံးပြုနိုင်ရန် ဆက်လက်ပြီး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီး၌ ဖြစ်ပေါ်နေသည့် ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများနှင့်အတူ မြန်မာ့ယဉ်ကျေးမှုနှင့် ဗီလာဆန့်ကျင်သည့် တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာနေမှုကို ရင်ဆိုင်ဆန့်ကျင်ကြရမည့်ယခုအချိန်အခါတွင် စာပေနယ်ပယ်သည် မိမိတို့အတွက်သာမက အခြားသောယဉ်ကျေးမှုနယ်ပယ်များတွင်ပါ အမျိုးသားယဉ်ကျေးမှု တာမကျိုးမပေါက်စေရအောင် ဦးစီးဦးဆောင်ပြု စောင့်ရှောက်ကာကွယ်ရမည့် အမျိုးသားရေးခံကတုတ်တစ်ခုဖြစ်စေရန် ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုး စွက်ဖက်ခြယ်လှယ်လိုသည့် အနောက်နိုင်ငံကြီးတချို့သည် အသာစီးရရှိနေသည့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုရရှိကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေးနည်းပညာစွမ်းအား၊ မီဒီယာအင်အားတို့ကို တလွဲအသုံးပြုပြီး မြန်မာပြည်သူများအပေါ် ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့စရိုက် အယူအဆများ၊ လူမှုရေးနှုန်းစံများကို စီးပွားရေးနယ်ပယ်၊ ယဉ်ကျေးမှုနယ်ပယ်၊ ရုပ်ရှင်ဂီတအနုပညာနယ်ပယ်အသီးသီးကတစ်ဆင့် သွတ်သွင်းလွှမ်းမိုးရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံအတွင်းက အဖျက်အမှောင့်သမားများ၊ နယ်စပ်ဒေသတွင်ရှိသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံခြားတိုင်းပြည်အသီးသီး၌ လှည့်လည်ကျက်စားနေသည့် ပြည်ပြေးများကိုအသုံးချပြီး အနောက်မီဒီယာများကတစ်ဆင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံအပေါ်လွဲမှားသည့် ပုံရိပ်ဆိုးများ ဖြစ်ပေါ်စေရအောင် လုပ်ကြံသတင်းများ၊ မမှန်မကန်ဖန်တီးထားသည့် ဓာတ်လမ်းများ၊ လုပ်ဇာတ်ခင်း စွပ်စွဲချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိလျက်ရှိကြောင်း။

စည်းရုံးစေ့ဆော်

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် မိမိတို့ကလည်း အမျိုးသားစာပေ၏ ထက်မြက်သည့်စွမ်းပကားကို အကျိုးရှိ ထိုက်တန်စွာအသုံးချပြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဒေါ်ရင်ရင်(စာရေးဆရာမကြီး စောမုံညင်း)အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာ ဆုရ ဒေါ်ရင်ရင် (စာရေးဆရာမကြီး စောမုံညင်း)နှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

မိမိတို့ပြည်သူများ အသိအမြင်ဗဟုသုတကြွယ်ဝအောင်၊ မှန်မှား ဆိုးကောင်း ပိုင်းခြားသိမြင်နိုင်အောင်၊ အထူးသဖြင့် အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေး စိတ်ဓာတ် ကြည်လင်ထက်သန်စေရအောင် စည်းရုံးစေ့ဆော်ပေးကြရန်လိုကြောင်း။

ကမ္ဘာ့နိုင်ငံအများအပြား အရှိန်အဟုန်ဖြင့် ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် ယနေ့အချိန်အခါတွင် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်အောင်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားခိုင်မာအောင် စာပေစွမ်းပကားဖြင့် အမြဲမပြတ်စေ့ဆော် ဆော်ဩပေးနိုင်မှသာ မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို အခြေအနေအချိန်အခါမရွေး ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

တုံ့ပြန်ရေးသား

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရအောင် ပြည်တွင်းပြည်ပချိတ်ဆက်ပြီး အစီအစဉ်ရှိရှိ၊ ရည်ရွယ်ချက်ရှိရှိဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည့်အတွက် မိမိပြည်တွင်း၌ရော နိုင်ငံတကာ၌ပါ လုပ်ကြံစွပ်စွဲမှုအမျိုးမျိုး၊ လုပ်ဇာတ်ခင်း ဇာတ်လမ်းအမျိုးမျိုးကို အမှန်တရားအတိုင်း သိမြင်စေရအောင်၊ မြန်မာနိုင်ငံအပေါ် အသိအမြင် ရှင်းလင်းစေရအောင် အမျိုးသားရေးရှုထောင့်က တုံ့ပြန်ရေးသားသည့် အမျိုးသားစာပေများကို အင်နှင့်အားနှင့် ရေးသားပြုစုကြရန်အချိန်တန်ပြီဟု ပြောကြားလိုကြောင်း။

ပြည်သူများကို အတွေးအခေါ် အသိအမြင် ရင့်ကျက်တည်ငြိမ် ခိုင်မာပြည့်ဝစေရအောင်၊ ပညာဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝစေရအောင်၊ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များအပေါ် အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်က ရှုမြင်သုံးသပ် ကျင့်ကြံအားထုတ်နိုင်စေရအောင်၊ တစ်ချိန်တည်းမှာပင် သမိုင်းခေတ်အဆက်ဆက်တွင် အဆင့်အတန်းမြင့်မားထည်ဝါခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများ ခေတ်နှင့်လျော်ညီစွာ ဆက်လက်ဝေဆာဖွံ့ဖြိုးရှင်သန်စေရအောင် စာပေစွမ်းအားဖြင့် စည်းရုံးရှေ့ဆောင်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုးတည်တံ့ပွားများစေရအောင် ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်ပေးကြပါ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်မှုအရပ်ရပ် အောင်မြင်စေရန်အတွက် ပြည်သူများ အသိအမြင် နိုးကြားထက်သန်စေရအောင် စာပေစွမ်းအားဖြင့် စည်းရုံးစေ့ဆော်ပေးကြပါ၊ စာပေကို သွက်လက်ထက်မြက်သည့် မီဒီယာလက်နက်အဖြစ် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးကြပါ၊ တိုင်းတစ်ပါးယဉ်ကျေးမှု ဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာမှုကို စောင့်ရှောက်ကာကွယ်ပေးမည့် အမျိုးသားရေးခံကတုတ်အဖြစ်ဖြင့် စာပေစွမ်းအားကို အခိုင်အမာတည်ဆောက်ပေးကြပါ၊ ပြည်သူတို့၏ ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးတွင် ပြည်သူတို့နှင့်အတူ ညီညာဖျဖျ ပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ဆုပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများဖြစ်ကြသည့် **"နေမင်းတစ်ထောင် (ရှစ်အုပ်တွဲ)"**စာအုပ်ဖြင့် အမျိုးသားစာပေဝတ္ထုရှည်ဆုရ ဆင်ဖြူကျွန်းအောင်သိန်း၊ **"အိပ်တန်းပြန် မုဒိတာငှက်များ ဝတ္ထုတိုစုစည်းမှု"**စာအုပ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်ဆုရ ယဉ်ယဉ်နု(မန္တလေး)၊ **"ဗီဇအလင်းငှက်ကဗျာများ"**စာအုပ်ဖြင့် ကဗျာပေါင်းချုပ် ဆုရ ဇာနည်၊ **"ငွေကြယ်များကို သက်သေတည်၍ ရွှေပင်လယ်ကို ဖြတ်သန်းခြင်း"**စာအုပ်ဖြင့် စာပဒေသာဆုရ မောင်မိုးယံ၊ **"မဟာဗုဒ္ဓဝင် ကွက်စိပ် ဇာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွှန့်"**စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ မင်းသျှင်အောင်(တွံတေး)၊ **"မြန်မာ့ဂုဏ်တင့် ငွေကြယ်ပွင့် သတ်ပုံကဗျာများ"** စာအုပ်ဖြင့် ကလေးစာပေဆုရ တင်လင်းဇော်၊ **"အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရော"**စာအုပ်ဖြင့် ဘာသာပြန်(သုတစာပေ)ဆုရ နန်းမြကေခိုင်၊ **"ဘဝအလွမ်းအိမ်"**စာအုပ်ဖြင့် ဘာသာပြန်(ရသစာပေ) ဆုရ မောင်ရဲခိုင်၊ **"ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး(၁၈၈၆-၉၇)"**စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ)ဆုရ မကြန်၊ **"နှစ်(၄၀)ဆေးသုတေသီတစ်ဦး၏ ဒိုင်ယာရီ"** စာအုပ်ဖြင့် သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုရ ဒေါက်တာအေးကျော်(ဆေးသုတေသန)၊ **"သစ်သားဆိုင်ရာနည်းပညာ"** စာအုပ်ဖြင့် သုတပဒေသာ (အသုံးချသိပ္ပံ) ဆုရ ဝင်းချစ်၊ **"သံတမန်လမ်းညွှန်"** စာအုပ်ဖြင့် နိုင်ငံရေးစာပေဆုရ သံအမတ်ကြီး ဦးဖေသိန်းတင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဝတ္ထုရှည်ဆု

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ၂၀၀၅ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုများရရှိကြသည့် ဝတ္ထုရှည် တတိယဆုရ **"ပန်းတောမြေ ရွှေရနံ့သင်းပါလို့ လယ်ကွင်းကဒိုးသံ မိုးသို့လျှံ"** စာမူကို ရေးသားသူ သိန်းဇော်(ရွှေလီဦး)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ **"ကံကောင်းခြင်း လက်ဆောင်နှင့် အခြားဝတ္ထုတိုများ"**စာမူကို ရေးသားသူ မြေလတ်မင်းလွင်၊ ဒုတိယဆုရ **"ရေကြည်ချမ်းမြနှင့် အခြားဝတ္ထုတိုများ"**စာမူကို ရေးသားသူ နန္ဒာခင်(သက္ကလမြေ)၊ တတိယဆုရ **"လှပသောမနက်ဖြန်နှင့် အခြားဝတ္ထုတိုများ"** စာမူကိုရေးသားသူ ညွန့်လှိုင်ချစ်(ဘုတလင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေဗိမာန် စာမူဆုများရရှိကြသည့် ကဗျာပေါင်းချုပ် ပထမဆုရ **"အလှဝန်းရံရွှေနိုင်ငံနှင့် အခြားကဗျာများ"**စာမူကိုရေးသားသူ မောင်ပြည့်လှိုင်း(သံတွဲ)၊ ဒုတိယဆုရ **"ဝေနေဆဲရင်ထဲက ကဗျာရာသီ"** စာမူကိုရေးသားသူ တင့်ထွန်း(ချောက်)၊ တတိယဆုရ **"မြန်မာ့ဂုဏ်ရည်နှင့် အခြားကဗျာများ"**စာမူကို ရေးသားသူ တက္ကသိုလ်တောသားတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုရ ယဉ်ယဉ်နု(မန္တလေး)အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စာပေဗိမာန်စာမူများရရှိကြသည့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်)တွင် ပထမဆုရ **"မြန်မာ့အနုသဘင်နှင့် ဇာတ်ညွှန်းပညာ"**စာမူကို ရေးသားသူ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ ဒုတိယဆုရ **"ဖွံ့ဖြိုးလာတော့မည့် သွေးချင်းတို့ နာဂမြေ"**စာမူကိုရေးသားသူ မောင်နွယ်သန်း(ပြန်/ဆက်)၊ တတိယဆုရ **"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"**၏ စာမူကိုရေးသားသူ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

သုတပဒေသာ

ထို့နောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စာပေဗိမာန် စာမူဆုများရရှိကြသည့် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)တွင် ပထမဆုရ **"မြန်မာ့ရေအရင်းအမြစ်"**စာမူကို ရေးသားသူ နိုင်ရွှေမိုး၊ ဒုတိယဆုရ **"ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ဆက်နွယ်နေသော တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများ"** စာမူကို ရေးသားသူ ဒေါက်တာတင်တင်မြိုင် (မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)၊ တတိယဆုရ **"မြန်မာနိုင်ငံ အနာဂတ်စီးပွားရေးနှင့် ငှက်ကုလားအုတ်မွေးမြူရေး"**စာမူကို ရေးသားသူ အောင်ကျော်ဖြိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာပဒေသာ

ဆက်လက်၍ တရားသူကြီးချုပ် ဦးအောင်တိုးက စာပေဗိမာန်စာမူဆုများရရှိကြသည့် စာပဒေသာ ပထမဆုရ ကုန်းဘောင်ခေတ် ကျမ်းပြုစာဆို ရေစကြိုဆရာတော် ရှင်ဝရသမ္ဘောဓိ၏ **"ဘဝကထာနှင့် စာပေအလင်္ကာ"**စာမူကို ရေးသားသူ တင်မြင့်၊ ဒုတိယဆုရ **"ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ"** စာမူကို ရေးသားသူ သတင်းထောက် သောင်းညွန့်(ဖျာပုံ)၊ တတိယဆုရ **"မြမြက်ခင်းနှင့် နှင်းပုလဲ"**စာမူကို ရေးသားသူ တင်လင်းဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှေ့နေချုပ် ဦးအေးမောင်က စာပေဗိမာန်စာမူဆုများရရှိကြသည့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေတွင် ပထမဆုရ **"နန်းထိုက်တော်ဝင်မင်းဥယျာဉ်"** စာမူကို ရေးသားသူ အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၊ ဒုတိယဆုရ **"မြန်မာ့ယဉ်ကျေးမှု အထူးမှတ်သားဖွယ်နှင့် လူငယ့်ရေးရာမှတ်စုများ"** စာမူကိုရေးသားသူ မြို့မ မြင့်ကြွယ်တို့အား လည်းကောင်း၊ ကလေးစာပေ ပထမဆုရ **"သိတတ်လိမ္မာမင်္ဂလာ ကလေးဝတ္ထုတိုများ"** စာမူကို ရေးသားသူ နေစိုးသော်၊ ဒုတိယဆုရ **"ပန်းတောရွာ ကဗျာများ"** စာမူကို ရေးသားသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ တတိယဆုရ **"မင်္ဂလာပါ ကလေးကဗျာစု"** စာမူကို ရေးသားသူ စောငယ်ငယ်(မိုးညှင်း)တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က စာပေဗိမာန်စာမူဆုများ ရရှိကြသည့် လူငယ်စာပေ ဒုတိယဆုရ **"နိုင်ငံဂုဏ်ဆောင် ဖေ့သားမောင်"**စာမူကိုရေးသားသူ မောင်ဆန္ဒ(လယ်ဝေး)နှင့် တတိယဆုရ **"အစဉ်သတိ အမြဲရှိ"**စာမူကို ရေးသားသူ မောင်စိုးထိုက်(သုံးဆယ်)၊ ပြဇာတ်စာပေ ပထမဆုရ **"လွမ်းအောင်ကူရွဲ ပြဇာတ်"**စာမူကို ရေးသားသူ ဇင်မင်း(သမိန်ထော)၊ ဒုတိယဆုရ **"ရောင်ခြည်လင်းချိန် ပန်းသင်းချိန်"** စာမူကို ရေးသားသူ မောင်ဆန္ဒ(လယ်ဝေး)နှင့် ဘာသာပြန်စာပေ ပထမဆုရ **"အာဆီယံရိုးရာ စာပေညွန့်ပေါင်း"** စာမူကို ရေးသားသူ ဒေါက်တာညွန့်ရွှေတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုများရရှိကြသည့် ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုရ **"ယဉ်ကျေးမှု အစစ် လူ့အနှစ် မျိုးချစ်ရှေ့ဆောင် မြန်ပြည်ထောင်"** စာမူကို ရေးသားသူ ဗိုလ်လောင်း လွင်ဘိုဘိုအောင်၊ ဒုတိယဆုရ **"လူမှုထွတ်မြတ် ရင်ဝယ်အပ်လျက် ရည်မှန်းချက်ဆီ ချီတက်မည်"**စာမူကို ရေးသားသူ ကိုရေချမ်း၊ တတိယဆုရ **"ဦးတည်ချက်လေးရပ် ဒို့ချမှတ် ရွှေပြည်သစ်ဆီ ဒို့လှမ်းချီ"**စာမူကို ရေးသားသူ ဆင်ဖြူကျွန်းမြင့်သိန်း(မြန်စာဂုဏ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကဗျာပြိုင်ပွဲ

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုများရရှိကြသည့် ကဗျာပြိုင်ပွဲ၌ ပထမဆုရ **"အမျိုးစောင့်တရားနှင့် အမျိုးစောင့်နှလုံးသား"**စာမူကို ရေးသားသူ ခြိမ့်နိုင်၊ ဒုတိယဆုရ **"ငြိမ်းအေးအလှ သဘာဝ ပြည်မြန်မာ"**စာမူကို ရေးသားသူ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ တတိယဆုရ **"မြန်မာမျက်ရှု ယဉ်ကျေးမှု အမြဲတေရတနာထိန်းသိမ်းပါ"**စာမူကို ရေးသားသူ မင်းရဲဝေ(မြန်စာဂုဏ်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

မြစ်ဝကျွန်းပေါ်ကျေးရွာများသို့

ချစ်နိုင် (စိတ်ပညာ)

နံနက်ခင်း

ဒီဇင်ဘာလဆောင်းရက်များသည် ယခုနှစ်တွင် မအေးဘူးလိုလိုနှင့် ထင်မှတ်သည်ထက် ပိုမိုအေးမြခဲ့ပါသည်။ ချင်းတောင်ဒေသတွင် သုညဒီဂရီအထိရောက်ရှိပြီး ပြင်ဦးလွင်၊ ပင်လောင်း၊ ကျိုင်းတုံ စသောတောင်ပေါ်မြို့များ၌ လေးဒီဂရီစင်တီဂရိတ်အထိ အအေးဓာတ်ပိုခဲ့သည်။ အထူးသဖြင့် လင်းအရုဏ်မတက်မီ နံနက်ခင်းအချိန်မျိုးတွင် ပိုမိုအေးချမ်းတတ်သည်။

ရန်ကုန်မှာလည်း နံနက်ခင်းမှာတော့အေးမြနေသည်။ အေးသည်ပူသည် ရွေးချယ်မနေအားပါ။ ကျွန်တော်နှင့် လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်၊ ကားဆရာ ဦးထွန်းရွှေ၊ သား မောင်ကောင်းထိုက်တို့ လေးဦးသည် တိုယိုတာကရစ်အမျိုးအစားကားလေးဖြင့် ရန်ကုန်မှ နံနက်စောစော ၆နာရီထွက်ခဲ့ပြီ။ နံနက် ၅နာရီအိပ်ရာထပြီး ပြင်ဆင်ခဲ့ကြသည်။

လှိုင်သာယာဘက်ရောက်မှ လင်းလင်းချင်းချင်းဖြစ်သည်။ နှင်းတွေကားလမ်းတစ်လျှောက် ဝေနေပြီး မြင်ကွင်းမရှင်းသဖြင့် လှိုင်သာယာမှဆားမလောက်ရွာအကြား ကားလမ်းကျယ်၍ လမ်းဖြောင့်ပါသော်လည်း အရှိန်ပြင်းပြင်းမမောင်းနိုင်ခဲ့ပေ။ ဆားမလောက်မှ မအူပင်ဘက်သို့ ချိုးကွေ့ပြီးနောက်တွင်မှ နေထွက်ပြူလာပြီဖြစ်၍ နှင်းကွဲသွားသည်။ ပတ်ဝန်းကျင်တွင် ပုစွန်ကန်၊ ငါးကန်၊ မွေးမြူရေးကန်များနှင့် တစ်မျှော်တစ်ခေါ် လယ်ကွင်းများကိုတွေ့ရသည်။ အချို့လည်း ရိုးပြတ်လယ်ကွင်း၊ အချို့လည်း နွေစပါးစိမ်းနုရောင်အပင်ပေါက်များ ထိုးထိုးထောင်ထောင် ရှုခင်းကျယ်ဝန်းသည်နှင့်အမျှ မြို့ပြနှင့်ဝေးလာသည်နှင့်အမျှ လေထုသည် လတ်ဆတ်သန့်ရှင်းသည်။ လယ်ကွင်းပြင်ကိုဖြတ်သန်း တိုက်ခတ်လာသောလေသည် ရိုးပြတ်ကောက်ပင်ရနံ့လေး သင်းသင်းပါလာ၏။

တောင်ဆီသို့

မအူပင်မြို့သို့ ၇နာရီကျော်လောက်တွင်ရောက်ပြီး တောင်အရပ်တည့်တည့် ကျိုက်လတ်သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။ မအူပင်တံတားကြီးကို နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နတခတိုင်းမှူး တာဝန်ထမ်းဆောင်စဉ် ကာလတွင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ထိုခရီးစဉ်၌ ရဟတ်ယာဉ်ဖြင့်လာခဲ့ကြသည်။ မိမိလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာခဲ့သည်။ မအူပင်မြို့သည် ထိုစဉ်က သေးငယ်ပြီး မစည်ကားသေးပေ။ ယနေ့အချိန်အခါ၌ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် မအူပင်သည်လည်း အပါအဝင်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေသည်ဖြစ်ရကား စည်ကားတိုးတက်မှု မြန်ဆန်လှပါသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် လျင်မြန်စွာ ခေတ်မီဖွံ့ဖြိုးလာနေဆဲဖြစ်၏။

ကျိုက်လတ်ကား မြို့ပြအကွက်ကျ၍ ဘာသာတရားအထူးလေးစားသော မြို့ဖြစ်သည်။ မဟာဂီတဦးပြုံးချို၊ ဆရာကြီးသုခ (ဦးသိန်းမောင်)၊ ဆရာကြီးဒဂုန်တာရာ(ဦးဌေးမြိုင်) စသော နိုင်ငံကျော် စာရေးဆရာများ ပေါ်ထွက်ခဲ့သည်။ အမျိုးသားရေးကို အထူးအလေးထားသော မြို့အဖြစ် အသိအမှတ်ပြုထိုက်သည်။ နှစ်စဉ်နှစ်စဉ် အမျိုးသားနေ့ဆိုလျှင် အိမ်တိုင်းစေ့က နိုင်ငံတော်အလံများကို တလူလူလွှင့်ထူထားကြသည်။ အမျိုးသားရေးလှုပ်ရှားမှု သီချင်း၊ ဂီတတွေ၊ စာပေ ဟောပြောပွဲတွေ ကျင်းပကြသည်။ ရာဇဝတ်မှုခင်း အနည်းပါးဆုံး မြို့တစ်မြို့ဖြစ်သည်။

ဖျာပုံ

ကျိုက်လတ်မြို့မှ အနောက်တောင်ဘက်သို့ ဆက်ထွက်ပြီး ဂုံညင်းတန်းတံတားကြီးကို ဖြတ်ကျော်ကာ ဖျာပုံမြို့သို့ နံနက် ၉နာရီမထိုးမီရောက်ခဲ့ပါတော့သည်။ မိုင် ၁၂၀ခန့် ရှိပါလိမ့်မည်။ လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ဧရာဝတီမြစ်၊ ဂုံညင်းတန်းမြစ် စသည်တို့ကို မြစ်ကူးတံတားကြီးများ တည်ဆောက်ဖောက်လုပ်ထားပြီမို့ ကားလမ်းအတိုင်း ခရီးပေါက်လေပြီ။ ဖျာပုံမြို့ရှိ ခရိုင်ပြန်ကြားရေးရုံးမှာ ခေတ္တနားသည်။ ဖုန်အလိမ်းလိမ်းနှင့် ကားရောလူပါ ဖုန်ခါကြသည်။ ပေါင်ဒါ၊ မျက်နှာချေမလိမ်းရဘဲနှင့် မျက်နှာတွေ ဖွေးနေကြသည်။ လူတွေပိုလှလာကြသည်။

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အတွင်းရေးမှူး ဦးဘုန်းမြင့်လည်း အတူလိုက်ပါမည်။ သူသည် ဗိုလ်တထောင်မြို့နယ်၊ တွံတေးမြို့နယ်တို့တွင် စီမံကိန်းဦးစီးမှူး လုပ်ခဲ့ဖူးသူဖြစ်၍ မိမိနှင့် ယခင်ကပင် သိကျွမ်းခဲ့သည်။ သူလည်း ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းမဆင်းဖူးသေးသဖြင့် သမိန်ထောရွာ၊ ကနိရွာ၊ အောက်ကမ်းပါးရွာနှင့် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာများသို့ ရောက်ဖူးချင်နေသဖြင့် အတော်ပင်ဖြစ်သည်။ အုပ်ချုပ်ရေးအသွင်ကူးပြောင်းမှု ဖွဲ့စည်းပုံအရ အတွင်းရေးမှူး တာဝန်လွှဲယူရသည်မှာ တစ်လသာရှိသေးသည်။ ဝမ်းသာအားရ အတူတကွ လိုက်ပါခဲ့ကြသည်။

မာဇဒါဂျစ်အစိမ်းက ရှေ့က၊ တိုယိုတာစူပါရှဖ်ကားက နောက်က မြေလမ်းကိုသွားကြသဖြင့် ဖုန်တလုံးလုံးတော့ထသည်။ လယ်ကွင်းပြင် ပတ်ဝန်းကျင်တွင် ဖုန်တလုံးလုံးနှင့် ကားနှစ်စီးသည် ကျေးလက်တောရွာအထိ ခရီးဆက်ကြသည်။ ဖျာပုံခရိုင်အတွင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး သုံးနှစ်စီမံချက်ကို အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော်နေသည်–



ရန်ကုန်မှ မအူပင်–ကျိုက်လတ်–ဖျာပုံသို့ လမ်းပြမြေပုံ။

	ကျေးရွာဦးရေ	သုံးနှစ်လျာထားချက် ၂၀၀၆–၀၇	၂၀၀၇–၀၈	၂၀၀၈–၀၉	ခိုင်မာသော စာကြည့်တိုက်
၁။ ဖျာပုံမြို့နယ်	၁၄၀	၅၀	၅၀	၄၀	၁၄၀
၂။ ကျိုက်လတ်	၄၂၁	၁၄၀	၁၄၁	၁၄၀	၄၂၁
၃။ ဒေးဒရဲ	၃၈၂	၁၂၇	၁၂၈	၁၂၇	၃၈၂
၄။ ဘိုကလေး	၄၉၂	၁၄၅	၁၄၅	၁၄၆	၄၉၂
၅။ အမာ	၁၀၀	၅၀	၅၀	–	၁၀၀
စုစုပေါင်း	၁၄၈၀	၅၁၂	၅၁၅	၄၅၃	၁၄၈၀

၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ပေါင်း ၅၁၂ တိုက်ကို ခိုင်မာရှင်သန်အောင် အကောင်အထည်ဖော်ရန် တိကျစွာ လျာထားသတ်မှတ်ခဲ့ကြသည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ Book, Building, Budget, Brain, Borrower (စာဖတ်သူ၊ စာငှားသူ)ဟူသော B ငါးလုံးနှင့် ကိုက်ညီပြည့်စုံပြီး ရှင်သန်နေသော စာကြည့်တိုက်များမှာ လျာထားချက် ၅၁၂ တိုက်ထက် ၂၅ တိုက် ပိုမိုကျော်လွန်ကာ ၅၃၇ တိုက်ရှိနေပြီဟု သိရပေသည်။ မြန်မာပြည်မှာ စာကြည့်တိုက်ပညာ ထွန်းကားကျယ်ပြန့်အောင် ဦးဆောင်ခဲ့သော ဆရာဦးသိန်းဟန်(ဇော်ဂျီ)၏ မွေးရပ်ဇာတိဒေသ ပီသလေသည်။ စာကြည့်တိုက်တွေ ခိုင်မာစွာပေါ်ထွန်းလာနေသည်။

ဖျာပုံမြို့၌ ၁၂–၄–၁၉၀၇ ခုနှစ်တွင် မွေးဖွားခဲ့သော နှစ်ဆယ်ရာစု အမျိုးသား စာဆိုကြီး ဆရာဇော်ဂျီသာ သက်ရှိထင်ရှား ရှိနေမည်ဆိုလျှင် ၂၀၀၇ ခုနှစ်တွင် အနှစ်တစ်ရာပြည့်မည်ဖြစ်သည်။ မြို့မိမြို့ဖများ၊ စာပေပညာရှင်များ၊ စာပေမြတ်နိုးသူများက ဆရာ ဇော်ဂျီ ရာပြည့်အမှတ်တရကို ၂၀၀၇ ခုနှစ်တွင် ဂုဏ်ပြုခြင်းအမျိုးမျိုးဖြင့် ကျင်းပရန် စီစဉ်နေကြသည်။ ဆရာကြီးဇော်ဂျီ ၁၉၃၅ ခုနှစ်က (စာဆို ၂၈နှစ်အရွယ်) ရေးဖွဲ့ခဲ့သော "သင်သေသွားသော်" ကဗျာကို သတိရမိသည်–

သြော်–လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။ ။

စာကြည့်တိုက်များ ကျယ်ပြန့်ထွန်းကားရေးသည် တိုင်းရင်းသား အားလုံး၏ အမျိုးသားရေးလှုပ်ရှားမှု တာဝန်ကြီးတစ်ရပ်ဖြစ်၏။ လူမျိုး၊ ဘာသာ၊ နိုင်ငံရေး အယူအဆ စသည်တို့ တူကြသည်ဖြစ်စေ၊ မတူကြသည် ဖြစ်စေ၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ တိုင်းကျိုးပြည်ပြု အခြေခံလုပ်ငန်းတစ်ရပ်လည်းဖြစ်ပါ၏။ ခေတ်အမြင် ရှိသူတိုင်း ပါဝင်ဝိုင်းဝန်းကြရမည့် ရေရှည်လုပ်ငန်းတစ်ခုလည်း မှန်ပါ၏။ ဖွဲသန်သန်ဖြင့် ကြိုးပမ်းကြရမည်။ ။

ဇန်နဝါရီ ၂၄ရက်က အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်၌ကျင်းပရာ မြို့နယ်ကျန်းမာရေး ဆရာမ ဒေါ်ခင်မာအေးက ကာကွယ်ဆေးထိုးနှံပေးစဉ်။ (က–ပ)

ဇန်နဝါရီ ၂၉ရက်က ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်သူဇာဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဗုဒ္ဓဝံသရက္ခိတအသင်း ဓမ္မသဘင်

ရန်ကုန်   ဇန်နဝါရီ ၃၀

ဗိုလ်တထောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓဝံသရက္ခိတအသင်း မှကြီးမှူး၍ ဗိုလ်တထောင်စေတီတော်တိုးချဲ့ရင်ပြင်၌ ဖေဖော်ဝါရီ ၅ ရက်(တနင်္လာနေ့)မှစ၍ ညစဉ် ၇ နာရီတွင် ဓမ္မပူဇာတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်၊ ၆ ရက်တွင် (ဓမ္မဘေရီတောင်စွန်း)အရှင်ဝီရိယ၊ ၇ ရက်တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်အင်းမ)၊ ၈ ရက်တွင် အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့ဆရာတော်)၊ ၉ ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်)၊ ၁၀ရက်တွင် အရှင်ပဏ္ဍိစ္စ(ပြည်တော်ဦးဆရာတော်)၊ ၁၁ ရက်တွင် မဇ္ဈိမဂုဏ်ရည် အရှင်ကောဝိဒ ဆရာတော်၊ ၁၂ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်ရွှေပြည်သာ)နှင့် ၁၃ ရက်တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) ဆရာတော်တို့က တရားတော်များဟောကြားကြမည်ဟုသိရသည်။ **(၃၅၂)**

ဖခင်ကြီး ဦးဝင်းမောင်အားရည်စူး၍ ရန်ကုန်မြို့ ပါရမီရိပ်သာ မြစံပယ် လမ်း အမှတ်၃၇(ဖ)နေ ဒေါ်အမာရီ၊ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း အနောက် ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ် ယူ ရန် နှင့် သာ သ နိ က အဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း အိမ်အမှတ် ၇၂နေ ဗိုလ်မှူးလေးတင်(ငြိမ်း)–ဆရာမဒေါ်ခင်ကြည်(အထပြ၊ ငြိမ်း) နှင့် သားသမီး မြေးတစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကြီးမှူး ကျောက်တံတားမြို့နယ်၌ စက်ရေတွင်းသစ်ဖွင့်ပွဲကျင်းပ အမှတ်(၁)နှင့်(၂)ရပ်ကွက်များသို့ သောက်သုံးရေပိုမိုဖြန့်ဝေနိုင်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသော **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသည့် ကျောက်တံတားမြို့နယ် စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ဖွင့်လှစ်ပေးကြသည်။**

အခမ်းအနားကို အဆိုပါစက်ရေတွင်းသစ်တည်ရှိရာ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၃၅)လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား၌ ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့် ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အင်ဂျင်နီယာဌာနရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာထွန်းသန်းထွန်းတို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြပြီး ရေထွက်ရှိမှု အရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

အသိအမှတ်ပြုကတ်ပြားပေး

ထို့နောက် စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဘုရင့်ရပ်ရှင်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ကျောက်တံတားမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂)ရပ်ကွက်နေ ပြည်သူများ၏ အသင်းဝင် အဆိုပြုလွှာစောင်ရေ ၁၅၀ ကို ရပ်ကွက်စည်းရုံးရေးမှူး ဦးကြင်ဝင်းက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသိအမှတ်ပြုကတ်ပြားများပြန်လည်ပေးအပ်သည်။

သောက်သုံးရေပိုမိုဖြန့်ဝေနိုင်

ယနေ့ဖွင့်လှစ်သည့် စက်ရေတွင်းသစ်သည် အချင်းရှစ်လက်မပိုက်ဖြင့် အနက်၁၃၂ပေရှိကာ မြင်းကောင်ရေ ၁၀ ကောင်အားရှိ ရေမြှုပ်မော်တော် တပ်ဆင်ထားရှိပြီး တစ်နာရီရေဂါလန် ၈၀၀၀ ထွက်ရှိ၍ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တို့သို့ သောက်သုံးရေပိုမို ဖြန့်ဝေပေးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက် (အဖိတ်နေ့)

၃၁–၁–၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ]
- ၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇း၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇း၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇း၃၀ ၇။ **"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၁၇း၃၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇း၄၅ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၁၈း၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉း၀၀ ၁၃။ Discovery.
- ၁၉း၁၀ ၁၄။ **"အသိစိတ်ကလေး အရင်းတည်၍"** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ–ကြည်စိုး)
- ၁၉း၂၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၉း၃၅ ၁၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၁၉း၄၅ ၁၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (မြန်မာ့ရိုးရာ ကျီးသဲစည်းလုံးချည်အလု)
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၂၂။ မြန်မာရုပ်ရှင် **"နုနုငယ်ငယ်"** ကျော်ဟိန်း၊ ဝင်းညွန့်၊ ကြည်ကြည်ဌေး၊ စန္ဒာ (ဒါရိုက်တာ–တင်အောင်မြင့်ဦး)

ဇန်နဝါရီ ၁၄ရက်က တာမွေမြို့နယ် အရန်မီးသတ်တပ်ရင်းအကြိုအခြေခံမီးသတ် သင်တန်း(၄/၂၀၀၆) သင်တန်းဆင်းပွဲနှင့် တူညီဝတ်စုံအစုံ ၁၀၀၊ မီးသတ်အထောက်အကူပြု ပစ္စည်း ပိုက်လိပ်၊အသက်ရှူကိရိယာများနှင့် တာမွေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကျပ် တစ်သိန်း အပါအဝင် စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် ၁၄ သိန်းလေးသောင်းပေးအပ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာအောင်ကျော်မြင့် အမှာစကားပြောကြားစဉ်။ (က–ပ)

လက်ခံရယူ

တာမွေမြို့နယ် ၁၆၆ လမ်း အမှတ်(၁၆)နေ မိခင်ကြီး ဒေါ်သန်းမြနှင့် သားသမီးတစ်စုက သားမောင်စိန်ဝင်းအောင် တစ်နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (က–ပ)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတရေ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် ဇန်နဝါရီ ၃၁ ရက်တွင် ပဲခူးတိုင်း ကျွဲပွဲမြို့ ဓမ္မသဘင်၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပျဉ်းမနားမြို့ ရေဆင်းရွာ ဓမ္မသဘင်၊ ၃ ရက်တွင် ရွှေပြည်သာမြို့နယ် ဝါးတရာ မလွန်ဆန်လှူပွဲ ဓမ္မသဘင်၊ ၄ ရက်တွင် ဒေါပုံမြို့နယ် ဓမ္မသဘင်၊ ၆ ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ ရှင်ပြုအလှူတော် ဓမ္မသဘင်၊ ၈ ရက်တွင် ဒေါပုံမြို့နယ် မြို့နယ်ဓမ္မာရုံ ဓမ္မသဘင်၊ ၁၆ ရက်တွင် ရွှေပြည်သာမြို့နယ် ဓမ္မသဘင်၊ ၁၇ ရက်မှ ၂၃ ရက်အထိ စစ်ကိုင်းတိုင်း ကလေးမြို့ ရွှေကျောင်းတော် သာသနာ့ရိပ်သာ ဓမ္မသဘင်၊ ၂၅ ရက်နှင့်၂၆ ရက်တို့တွင် မကွေးတိုင်း မိချောင်းရဲမြို့ ပဌနဂိုရ်ရွာသစ်ရွာ ဓမ္မသဘင်နှင့် ၂၈ ရက်တွင် မကွေးတိုင်း မြိုင်မြို့ ကြက်မောက်ရွာ ဓမ္မသဘင်တို့၌ ည ၇ နာရီ မှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖုန်း–၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ (၁၈၁)တို့သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီး၏အိပ်မက်များကို လှပအောင်ဖော်ဆောင်ပေးနေသည့် ဒရော့ဘာ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၃၀

ပရီမီယာလိဂ်၌ ချယ်လ်ဆီး၏ အိပ်မက်များကို လှလှပပဖြစ်အောင် ပုံဖော်ပေးနေသူမှာ တိုက်စစ်မှူး ဒရော့ဘာပင်ဖြစ်ရာ ချယ်လ်ဆီးနှင့် ဒရော့ဘာတို့၏ ကောက်ကြောင်းများ ဆက်စပ်ကြည့်လိုက်သောအခါ . . .

ဒီဒီရာဒရော့ဘာကို အိုင်ဗရီကို့စ် နိုင်ငံ အဘစ်ဂျန်မြို့၌ ၁၉၇၈ခုနှစ် မတ် ၁၁ရက်၌ မွေးဖွားခဲ့လေသည်။ ငယ်ရွယ်စဉ် ကလေးဘဝကပင် ဘောလုံးမှလွဲပြီး မည်သည့်အားကစားကိုမျှ စိတ်မဝင်စားခဲ့သူဖြစ်ရာ ဘောလုံးကစားတိုင်း တိုက်စစ်မှူး အဖြစ် အမြဲတမ်းကစားခဲ့သူလည်းဖြစ်သည်။

အသက်(၁၈)နှစ် အရွယ်တွင် အိုင်ဗရီကို့စ် ဘောလုံးအသင်းလက်ရွေးစင်ဖြစ်လာပြီးနောက် ပြင်သစ်ပထမတန်းကလပ်ဖြစ်သည့် ရိန်းအင့်အသင်း၌ သွားရောက်ကစားခဲ့ရာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ ၂၆ ပွဲကစားပြီး ၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။



ချယ်လ်ဆီး အတွက် ပွဲတိုင်းနီးပါး ဂိုးသွင်းပေးလျက်ရှိပြီး ပရီမီယာလိဂ်တွင်လည်း ဂိုးအများဆုံးသွင်းထားသော ဒရော့ဘာ၏ ကစားဟန်။
(ဓာတ်ပုံ- အင်တာနက်)

သွင်းယူ

ဒရော့ဘာ၏ခြေစွမ်းကို သဘောကျခဲ့သော မာဆေးလ်အသင်းက ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် အရခေါ်ယူခဲ့ရာ မာဆေးလ်ကလပ်အတွက် ယင်းနှစ်၌ ချန်ပီယံလိဂ်ခုနစ်ပွဲကစားပေးခဲ့ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့သလို ပြင်သစ်လိဂ်အတွက် ၂၉ ပွဲကစားပြီး ၁၉ဂိုး သွင်းယူပေးခဲ့သူ ဖြစ်သည်။ ထို့အပြင် ယူအီး အက်ဖ်အေဖလားပြိုင်ပွဲအတွက်လည်း ခုနစ်ပွဲကစားပေးခဲ့ကာ ခြောက်ဂိုး သွင်းယူပေးခဲ့ပြီး ထိုနှစ်၌ မာဆေးလ်အသင်းအတွက် ပွဲပေါင်း ၄၃ပွဲကစားပြီး ဂိုးပေါင်း ၃၀ အထိ သွင်းယူပေးနိုင်ခဲ့သည်။

စွမ်းရည်

ဒရော့ဘာ၏ ဂိုးသွင်းစွမ်းရည်ကို သဘောကျသည့်အတွက် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ရအောင်ခေါ်ယူခဲ့လေသည်။ ချယ်လ်ဆီးသို့ ရောက်ရှိလာသည့် ဒရော့ဘာသည် ယင်းနှစ်မှာပင် ချယ်လ်ဆီးအတွက် ပရီမီယာလိဂ် ၁၈ပွဲ ကစားပေးခဲ့ပြီး ၁၀ ဂိုးသွင်းပေးခဲ့ကာ ချန်ပီယံလိဂ် ရှစ်ပွဲကစားခဲ့ပြီး ငါးဂိုး သွင်းပေးခဲ့သည်။ အတွန်း၊ အတိုက်၊ အခုအခံ ကောင်းကောင်းဖြင့် တစ်ဖက်အသင်းဂိုးဧရိယာအတွင်း ဂိုးရအောင်သွင်းယူတတ်သော ဒရော့ဘာသည် ယင်းနှစ်၌ပင် ချယ်လ်ဆီးအတွက် စုစုပေါင်း ၁၆ဂိုးသွင်းပေးခဲ့ပြီး နှစ်ပေါင်း ၅၀ကျော် အလှမ်းဝေးနေခဲ့သော ပရီမီယာလိဂ်ဖလားကို ရအောင် ပြန်ယူ ပေးနိုင်ခဲ့သည်။

ရေပန်းစား

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို၏ အားထားရသော တိုက်စစ်မှူးဖြစ်လာသလို ချယ်လ်ဆီးအတွက် ပွဲတိုင်းကစားခဲ့ရသော မရှိမဖြစ် တိုက်စစ်မှူးတစ်ဦးဖြစ်လာသည်။ ထို့အတူ ဒရော့ဘာလည်း အာဖရိကအကောင်းဆုံးဘောလုံးသမားအဖြစ် ရေပန်းစားလာခဲ့သည်။

ချယ်လ်ဆီးအသင်းအောင်မြင်မှုများ ရရှိပြီး ပရီမီယာလိဂ်၌ ပွဲတိုင်းအနိုင်ယူခဲ့သော ပွဲစဉ်များကို ကြည့်လျှင် ဒရော့ဘာသွင်းဂိုးနှင့် လွတ်ကင်းသော ပွဲဟူ၍ မရှိသလောက် ဖြစ်ခဲ့သည်။ ၂၀၀၅-၂၀၀၆ဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအတွက် ပရီမီယာလိဂ် ပွဲပေါင်း ၂၀ကစားပေးခဲ့ပြီး ၁၂ဂိုးသွင်းယူပေးခဲ့ကာ ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်ထပ်ဆင့်ချန်ပီယံဖြစ်အောင် စွမ်းဆောင်ခဲ့ပြန်သည်။ ထိုနှစ်မှာပင် မိခင် အိုင်ဗရီကို့စ်အသင်းအား ကမ္ဘာ့ဖလားဝင်ခွင့်ရအောင်ဦးဆောင် ကြိုးစားပေးနိုင်ခဲ့သည်။

အနီကတ်

ဒရော့ဘာ၏ ဘောလုံးသမားသက်တမ်းတစ်လျှောက် အနီကတ်အပြခံရမှုနှစ်ကြိမ် ကြုံတွေ့ခဲ့ရသည်။

ပထမ ဆုံးအကြိမ်မှာ ပြင်သစ်ကလပ် မာဆေးလ်၌ ပြင်သစ်လိဂ်ပွဲစဉ်တွင် အနီကတ်ပြ အထုတ်ခံခဲ့ရသလို ချယ်လ်ဆီးအသင်း နှင့်လည်း ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ ချန်ပီယံလိဂ်ပွဲစဉ်တွင် အနီကတ်ပြ အထုတ်ခံခဲ့ခြင်း ဖြစ်သည်။



အာဖရိက အတွက် လူသား အကျိုးပြု ကုလသမဂ္ဂ သံတမန်အဖြစ် ဒရော့ဘာ ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ- အင်တာနက်)

ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲပေါင်း ၂၂ ပွဲ ကစားခဲ့ပြီး ၁၄ ဂိုးသွင်းပေးထားရာ ပရီမီယာလိဂ်၌ ဂိုးအများဆုံးသွင်းသူ တစ်ဦးအဖြစ် ရပ်တည်နေလျက်ရှိသည်။ ထို့အပြင် ချယ်လ်ဆီးအတွက် ချန်ပီယံလိဂ် ဘောလုံးပွဲ ခြောက်ပွဲကစားပေးထားပြီး ငါးဂိုးသွင်းယူပေးထားသည်ဖြစ်ရာ ဒရော့ဘာ၏ ဂိုးသွင်းစွမ်းရည်မှာ ထက်မြက်လျက်ရှိသဖြင့် မော်ရင်ဟိုက ချယ်လ်ဆီးအတွက် ၂၀၁၁ ခုနှစ်အထိ ဒရော့ဘာအား စာချုပ်ချုပ်ဆိုခဲ့လေသည်။

လောလောဆယ်တွင် ချယ်လ်ဆီးအတွက် ကားလင်းဖလားနှစ်ပွဲ ကစားပေးပြီး နှစ်ဂိုးသွင်းယူကာ ချယ်လ်ဆီးအား ဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးထားပြီးဖြစ်သည်။

ပုံမှန်ဂိုး

တစ်ဖန် ချန်ပီယံ လိဂ်တွင်လည်း နောက်ဆုံး ၁၆သင်း အဆင့်ရောက်အောင် စွမ်းဆောင် ပေး ထားပြီးလည်း ဖြစ်ရာချယ်လ်ဆီးတွင်အခြား တိုက်စစ်မှူးများ ဂိုးသွင်း ခြေစွမ်း ကျဆင်းနေချိန်၌လည်း ဒရော့ဘာက ပုံမှန်ဂိုးသွင်းပေးနေခြင်းဖြင့် ချယ်လ်ဆီး ကို နိုင်ပွဲများရအောင် ဦးဆောင် ကြိုးစားပေးနေသူ တစ်ဦးဖြစ်သည်။

အံ့သြဖွယ်ရာ

တစ်ဖက်က ချယ်လ်ဆီးအတွက် ကစားပေးနေသလို မိခင်အိုင်ဗရီကို့စ်ဘောလုံးအသင်းအတွက်လည်းအာဖရိကဖလားပွဲ ၁၀ ပွဲ ကစားပေးထားပြီး ခြောက်ဂိုးသွင်းယူပေးထားနိုင်ရာ ဒရော့ဘာ၏ ဂိုးသွင်းခြေစွမ်းမှာ အံ့သြဖွယ်ရာ ကောင်းနေပေသည်။

ယခုအခါချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်၌ ဒုတိယနေရာသို့ ပို့ဆောင် ပေးထားသလို ကားလင်းဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအထိ ရောက်အောင် ဆောင်ကြဉ်းပေးထားကာ အက်ဖ်အေဖလားတွင်လည်း အခြေ အနေကောင်းသည့်အပြင် ချန်ပီယံလိဂ်တွင် နောက်ဆုံး ၁၆သင်း အဆင့် ရောက်အောင် ကြိုးစားပေးထားသည်ဖြစ်ရာ ချယ်လ်ဆီးအတွက် ဒရော့ဘာမည်သည့် ဆုဖလားများ ရယူပေးနိုင် မည်ကို စောင့်ကြည့်ရပေတော့မည်ဖြစ်သည်။ **(ကိုးကား- အင်တာနက်)**

ချမ်းသာကြွယ်ဝသော ဒေးဗစ်ဘက်ခမ်းဖြစ်လာ ဂလက်ဆီအသင်းဥက္ကဋ္ဌ လာလပ်စ်ပြောကြား

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၃၀

ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ ဒေါ်လာသန်းပေါင်းများစွာရရှိမည့် ပြောင်းရွှေ့စာချုပ်ကြောင့် ချမ်းသာကြွယ်ဝလာပြီး ဘောလုံးလောက ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာနိုင်ကြောင်း အယ်လ်အေဂလက်ဆီအသင်းဥက္ကဋ္ဌ အလက်ဆီလာလပ်စ်က ပြောကြားလိုက်သည်။

အသက် (၃၁)နှစ်ရှိ ဒေးဗစ်ဘက်ခမ်းသည် ယခုနှစ်ရာသီအကုန်တွင် ရီးရဲမက်ဒရစ်အသင်းမှ ဂလက်ဆီအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ရာ ငါးနှစ်စာချုပ်အရ အမေရိကန်ဒေါ်လာ ၂၇၅ သန်း ရရှိမည်ဖြစ်သည်။

ဂလက်ဆီနှင့်စာချုပ်ထားသော ဒေးဗစ်ဘက်ခမ်း။
(ဓာတ်ပုံ- အင်တာနက်)

တန်ဖိုး

ဘက်ခမ်းသည် တန်ဖိုးရှိ ဘောလုံးသမားဖြစ်ကြောင်း၊ မိမိတို့အသင်းသည် ဘက်ခမ်းနှင့် စာချုပ်လိုက်ကြောင်း ကြေညာပြီးနောက် ထောင်ချီ၍ လက်မှတ်များနှင့် တီရှပ်များ ရောင်းချခဲ့ရကြောင်း လာလပ်စ်က ပြောကြားသည်။

ထောက်ကူ

၎င်းသည် မေဂျာလိဂ် ဘောလုံးပြိုင်ပွဲကို စီးပွားရေး အရသော်လည်းကောင်း၊ ဘောလုံးအမြင်ရှုထောင့်မှ လည်းကောင်း ပြုပြင်ပြောင်းလဲရာတွင် အထောက်အကူ ဖြစ်စေခဲ့ကြောင်း လာလပ်စ်က ပြောကြားသည်။

ဘက်ခမ်းသည် အင်္ဂလန်အသင်း ခေါင်းဆောင်နှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့တွင်သာမက ရီးရဲမက်ဒရစ်အသင်းတွင်လည်း အောင်မြင်ကျော်ကြားခဲ့သူ ဖြစ်ကြောင်း၊ ၎င်းသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများထဲမှ တစ်ဦးဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းသည် ရီးရဲမက်ဒရစ်အသင်းတွင် ပုံမှန်ကစားခွင့်နေရာရရှိရေး တိုက်ပွဲဝင်နေရဆဲဖြစ်ကြောင်း ဂလက်ဆီဥက္ကဋ္ဌက ပြောကြားသည်။ **(အင်တာနက်)**

စီရိုနယ်ဒိုအား ရောင်းချမည်မဟုတ် မန်ယူ အမှုဆောင်အရာရှိပြောကြား

မန်ယူတောင်ပံကစားသမားအဖြစ် ခြေစွမ်းပြနေသော စီရိုနယ်ဒို။ (ဓာတ်ပုံ- အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၃၀

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား ဈေးမည်မျှပင်ပေးစေကာမူ ရောင်းချလိမ့်မည် မဟုတ်ကြောင်း မန်ယူအသင်းအမှုဆောင်အရာရှိ ဒေးဗစ်ဂေးလ်က ပြောကြားလိုက်သည်။

ကမ်းလှမ်းခဲ့

အသက်(၂၁)နှစ်ရှိအဆိုပါ တောင်ပံကစားသမားအား ရီးရဲမက်ဒရစ်က ကမ်းလှမ်းခဲ့သည်။ သို့ရာတွင် ပေါင် ၃၅ သန်းရလျှင်တောင်မှ ရောင်းချမည်မဟုတ်ကြောင်း ဒေးဗစ်က ဆက်လက်ပြောကြားသည်။

မန်ယူနှင့်ချုပ်ထား

စီရိုနယ်ဒိုဝယ်ယူရေးနှင့်ပတ်သက်၍ လုံးဝမဆက်သွယ်သင့်ကြောင်း၊ ရောင်းရန် မဟုတ်ကြောင်း။ ၎င်းသည် မန်ယူနှင့် ၂၀၀၅ခုနှစ်က စာချုပ်သစ် ချုပ်ဆိုထားရာ ၂၀၁၀ပြည့်နှစ်အထိ မန်ယူတွင် ကစားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မဟာဗျူဟာ

မန်ချက်စတာယူနိုက်တက်အသင်း၏ မဟာဗျူဟာသည် အသင်းတောင့်တင်းခိုင်မာရေးပင်ဖြစ်ကြောင်း၊ ထိုသို့ တောင့်တင်းရန်မှာလည်း အကောင်းဆုံးဘောလုံးသမားများ မရောင်းချရေးပင် ဖြစ်ကြောင်း ဒေးဗစ်ဂေးလ်က ပြောဆိုသည်။ **(အင်တာနက်)**

အဂ္ဂါဒေးဗစ် အိုင်းယက်စ်အသင်းသို့ ပြန်မည် စပါးအသင်းမန်နေဂျာ မာတင်ဂျိုးလ် ပြောကြား

လန်ဒန် ဇန်နဝါရီ ၃၀

အဂ္ဂါဒေးဗစ်သည် တော့တင်ဟမ်အသင်းမှ ထွက်ခွာပြီး အသင်းဟောင်း အိုင်းယက်စ်သို့ပြန်ရန် နီးစပ်နေကြောင်း စပါးအသင်းမန်နေဂျာ မာတင်ဂျိုးလ်က ပြောကြားသည်။

ဒေးဗစ်သည် ၂၀၀၅ခုနှစ် ဩဂုတ်လက ဝိုက်ဟတ်လိမ်းသို့ ရောက်ရှိလာသူဖြစ်သည်။ သို့သော်လည်း ၎င်းသည် အသက် (၃၃)နှစ်ရှိပြီဖြစ်ရာ ပထမပွဲထွက်လူစာရင်းဖြင့် ပါဝင်ယှဉ်ပြိုင်မှု အခွင့်အလမ်း အလွန်နည်းပါးခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်၌သာ ကစားခဲ့ရပြီး ယခုနှစ်တွင် ပါဝင်မကစားရသဲရှိသည်။

တော့တင်ဟမ်ကွင်းလယ်ကစားသမား အဂ္ဂါဒေးဗစ်။
(ဓာတ်ပုံ- အင်တာနက်)

အလွတ်ပြောင်းရွှေ့ဖွယ်

အဂ္ဂါဒေးဗစ်သည် အသင်းတွင် ပုံမှန်ကစားနိုင်ခဲ့လျှင် ပို၍ကောင်းလာနိုင်ကြောင်း၊ အိုင်းယက်စ်အသင်းနှင့် စာချုပ်ရေးအတွက် နယ်သာလန်တွင် ဆွေးနွေးနေပြီ ဖြစ်ကြောင်း ၎င်းသည် အိုင်းယက်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ဖွယ်ရှိကြောင်း မာတင်ဂျိုးလ်က ပြောကြားသည်။

(အင်တာနက်)

ကျောဖုံးမှ

သာစည်မြို့နယ်သို့ ရောက်ရှိစဉ် ကြားသိခဲ့ရသော ကုန်းတောင်းရွာသို့ သွားကြည့်လိုသည်။ ထိုဆန္ဒကို အသိမိတ်ဆွေတစ်ဦးက ဖြည့်ဆည်းကာ လိုက်ပို့ပေးသဖြင့် လက်တွေ့မြင်ခဲ့ရပေပြီ။ ရွာဝင်သည်နှင့် ရှင်အရဟံတည်ထားခဲ့သော သိမ်ပေါင်း ကိုးသိမ်တွင် ပထမဆုံးတည်သည့် ဘုန်းကံမြင့်ရှိန် ကုန်းတောင်း သိမ်နှင့် သိမ်ဘုရားသည် တင့်တယ်သပ္ပာယ်ကြည်ညိုဖွယ်ရာ ရွာဦး၌ ဖူးတွေ့ရသည်။ ရွာအဝင်လမ်း ဘေးဝဲယာတွင် စပါးပုံမြင့်မြင့်မားမား ထိုးထိုးထောင်ထောင် တွေ့ရသည်။ စပါးလှေ့စပါးခြွေနေကြသည်။ ရွာထဲဝင်သည်နှင့် အိမ်တိုင်းရိတ်သိမ်းပြီး စပါးပုံများအပြည့်၊ ရွာသားတွေ အုန်းအုန်းကျွက်ကျွက်နှင့် စပါးခြွေလှေ့နေ ကြသည်။ စပါးထွက်သည် မထွက် သည်ကို ဤမြင်ကွင်းမြင်တွေ့ရသည်နှင့် သိနေပါပြီ။

အညာဒေသနှင့်ကိုက်ညီ

ကုန်းတောင်းကျေးရွာသည် မနှစ်က ဆင်းသွယ်လတ်စပါးစိုက်ကြသည်။ ယခုနှစ် မိုးစပါးဧက ၁၀၀ ကို သက်တမ်းတိုသည့် ရေဆင်းလုံးသွယ်စပါးမျိုး တစ်ကွင်း တစ်စပ်တည်း ပြောင်းလဲစိုက်ကြသည်။ တောင်သူ ၃၄ ဦးသည် မျိုးဆက် ၂၅ ရက်သားဖြင့် ဝါခေါင်လပြည့်ကျော်တွင် စိုက်ကြပြီး တန်ဆောင်မုန်းလပြည့်ကျော်တွင် ရိတ်သိမ်းကြသည်။ တစ်ဧကပျမ်းမျှ ၉၃ တင်းထွက်ကြသည်။ အညာဒေသနှင့် ကိုက်ညီသော စပါးဖြစ်သည်ဟု ပြောပြကြသည်။ သက်တမ်း ၁၃၅ ရက်ရှိသော ဆင်းသွယ်လတ်အစား သက်တမ်း ၁၂၅ရက်ရှိသည့်ရေဆင်းလုံးသွယ်စိုက်ခဲ့သဖြင့် ယခင်ကထက် ရေတစ်ကြိမ်အပေးရသက်သာပြီး ရေနည်းနည်းဖြင့် စိုက်နိုင်ကြောင်း၊ ဆန်လည်း စားကောင်းကြောင်း၊ ဈေး ကောင်းလဲရကြောင်း ဆန်နမူနာဖြင့် ရွာသား ဦးလှမြင့်က ရှင်းပြသည်။ သက်တမ်းတိုတော့ နွေစပါးအဖြစ် လဲ ကျွန်တော်တို့ ထပ်စိုက်ကြမယ်။

ရေဆင်းလုံးသွယ်စပါးသည် အပင်အမြင့်နှစ်ပေခွဲရှိပြီး တစ်နှံပါ အသီးသည် အများဆုံး ၁၈၃ စေ့၊ အနည်းဆုံး ၉၉ စေ့ ပါရှိကြောင်း၊ လယ်သမားကြီး ဦးလှမြင့်က သူ၏ မှတ်စုစာအုပ်တွင် ရေတွက်မှတ်သားထားသည်ကို ထုတ်ပြသည်။

"ကုန်းတောင်းရွာသားကိုအောင်ကျော်မိုးက မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ကျေးရွာမန်နေဂျာဗျ၊ သူက ကျွန်တော်တို့သင်ထားလို့ အခုလိုသိတာ"ဟု ပြောသည်။

တကယ်တော့ ကုန်းတောင်းရွာသားများ၏ စုစည်းညီညွတ်မှုစိတ်ဓာတ်၊ စပါးမဖူလုံခဲ့သဖြင့် စပါး ထွက်လိုသောစိတ်ဆန္ဒ၊ နည်းပညာမှာကြားမှုကို တိတိကျကျ လိုက်နာဆောင်ရွက်မှုနှင့် ဌာနဆိုင်ရာတို့၏ ပံ့ပိုးကူညီမှုကြောင့် ကုန်းတောင်းရွာသည် လယ်ယာမြေအောင်ပွဲ ဒုတိယအကြိမ် ထပ်မံဆင်နွှဲနိုင်ခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးရေး

ယခုတော့ ရွာတွင် တမံအရှည် ပေ၁၄၀၀ရှိပြီး ရေဧကပေ၂၀၀ သိုလှောင်နိုင်သည့် ကုန်းတောင်းဆည်ငယ်နှင့် တစ်နာရီ ရေဂါလန် ၂၈၈၀ ထွက်သည့် သဘာဝရေလျှံတွင်းနှင့် ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့ခဲ့ရသည်။

ပိုလျှံသမျှဝင်ငွေရ

နွားစာကောက်ရိုးပင်မရှိ၍ ခက်ခဲသောရွာ၊ မိတ္ထီလာတက်ပြီး ဆန်ဝယ်စားရသည့်ရွာသည် ကြိုးစား၍ နိုးကြားသဖြင့် ဆန်ဖူလုံအောင် စားနိုင်ပြီး၊ ပိုလျှံ၍ ရောင်းချပြီးနေရပြီ။ ဝင်ငွေရနေကြပြီ။ ပိုလျှံသမျှမှ ဝင်ငွေရ၍ ရွာတွင် ဘုရားပွဲ၊ ဆီမီးတစ်ထောင်ပူဇော်ပွဲများ ကျင်းပနေကြသည်။

ကုန်းတောင်းရွာအဝင် စပါးပုံများကို ဤသို့တွေ့ရသည်။

ဆရာတော်ဦးကောဝိဒအား ဖူးမြော်ရန် ရွာဦးကျောင်းသို့ ရောက်စဉ် ရွာသားများ တိုင်ထူ စင်ဆောက်နေကြသဖြင့် မေးကြည့်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြတ်သူက "ဘုရားပွဲမှာ ရွာသားတွေစုပြီး ဓာတ်ကြေမှာမို့ ဓာတ်စင်ဆောက်နေကြတာဗျ၊ မင်းသမီးက မိတ္ထီလာက အငြိမ့်မင်းသမီးငှားမှာ"ဟု ပြောသည်။ စည်ဖြောသံတွေ ထပ်မံညံပါလိမ့်ဦးမည်။ ကုန်းတောင်းရွာကို စံနမူနာယူ၍လုပ်ကြမည်။ကြိုးပမ်းကြမည်ဆိုလျှင်နိုင်ငံအဝန်းလယ်ယာမြေ ထပ်ဆင့်အောင်ပွဲများသည် ဆက်တိုက် ပေါ်ထွန်းလာပါလိမ့်မည်ဟု ဆိုချင်ပါသည်။ ။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ႋE.S.Eႌ)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B) တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်—

၁။ လ၏(၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ဓာတ်အားခ ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။

၃။ လ၏(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း မီတာဖတ်စာရေးများက ကျသင့်ဓာတ်အားခ ငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခ ငွေတောင်းခံလွှာများ စတင်ဝေသည့်ရက်မှစ၍ ငွေတောင်းခံလွှာတွင်ပါရှိသော နောက်ဆုံးပေးဆောင်ရန် သတ်မှတ်ထားသည့် ရက်အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် အမြန်လာရောက်ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခငွေတောင်းခံလွှာများ ငါးကြိမ်ဝေမည့်ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံးပေးဆောင်ရမည့်ရက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်—

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာများ ဝေမည့်ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင် ရမည့်ရက် (မှ)	နောက်ဆုံးပေးဆောင် ရမည့်ရက် (ထိ)	
၁။	၁၁–ရက်	၁၆ %	၁၁–ရက်	၁၇–ရက်	၇–ရက်
၂။	၁၂–ရက်	၁၈ %	၁၂–ရက်	၁၉–ရက်	၈–ရက်
၃။	၁၃–ရက်	၂၀ %	၁၃–ရက်	၂၁–ရက်	၉–ရက်
၄။	၁၄–ရက်	၂၂ %	၁၄–ရက်	၂၃–ရက်	၁၀–ရက်
၅။	၁၅–ရက်	၂၄ %	၁၅–ရက်	၂၅–ရက်	၁၁–ရက်

၆။ ငွေသွင်းရန်သတ်မှတ်ထားသည့် ၁၁ရက်မှ ၂၅ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များ အပါအဝင်လ၏ (၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါ ဆောင်ရွက်ချက်များကို ဖော်ပြပါ အစီအစဉ်အတိုင်း လစဉ်ဆောင်ရွက်သွားပါမည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

မီးကြွင်းမီးကျန်မရှိရန် အစဉ်သတိအမြဲရှိ

စာမျက်နှာ ၉ မှ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဝတ္ထုတိုပြိုင်ပွဲ၌ ပထမဆုရ **"တစ်မြေတည်းမှ မိသားစု"** စာမူကို ရေးသားသူ မင်းဇေဒါ(ပွင့်ဖြူ)၊ ဒုတိယဆုရ **"ပတ္တမြားဆန်ကျိုး"**စာမူကို ရေးသားသူ မူဆယ်ဝေါင်းခမ်း၊ တတိယဆုရ **"ပန်းများသခင် အလှဖန်ဆင်းရှင်"** စာမူကို ရေးသားသူ သက်ပိုင်ငြိမ်း(ရက္ခဇေဒ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသည့် **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"**ရောင်စုံဓာတ်ပုံပြိုင်ပွဲ၌ ပထမဆုရ ရွှေအင်းသား ခင်မောင်ဝင်း၊ ဒုတိယဆုရ ကိုဦး(Image Hunter)၊ တတိယဆုရ မောင်ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အထွေထွေဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက (၁၇)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်၌ ပထမဆုရ တပ်မတော်ဆေးတက္ကသိုလ်မှ ဒုတိယနှစ် ဗိုလ်လောင်း လွင်ဘိုဘိုအောင်၊ ဒုတိယဆုရ တပ်မတော် ဆေးတက္ကသိုလ်မှ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း(ခ) ဗိုလ်လောင်းချမ်းငြိမ်းသူ၊ တတိယဆုရ တပ်မတော်နည်းပညာတက္ကသိုလ်မှ ပထမနှစ်(ဘီအီး) ဗိုလ်လောင်း မြင့်မောင်မောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက (၁၇)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်၌ ပထမဆုရ ဧရာဝတီတိုင်း ဟင်္သာတမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ မဆုမွန်လွင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်း ဗန်းမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မငြိမ့်မွန်ထူး၊ တတိယဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းမှ မသူဇာလွင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၇)ကြိမ်မြောက် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့်၌ ပထမဆုရ တနင်္သာရီတိုင်း ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မရွှေရည်ဆောင်း၊ ဒုတိယဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ မခင်သဉ္ဇာတင်၊ တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အခြေခံပညာအလယ်တန်းကျောင်းမှ မထွေးသဉ္ဇာတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာပေဆု ရရှိသူများကိုယ်စား၂၀၀၅ ခုနှစ် အမျိုးသား စာပေဆုရ စာရေးဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်း ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် စာပေဆုရရှိသူများ၏ ကိုယ်စား ၂၀၀၅ ခုနှစ် အမျိုးသား စာပေဆုရ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက ကျေးဇူးတင်စကား ပြောကြားပြီး ဆုနှင်းသဘင်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဒေါ်ရင်ရင် (စာရေးဆရာမကြီး ဇော်မုံညင်း)နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့် လည်းကောင်း၊ စာပေဗိမာန်စာမူဆုရရှိကြသူများနှင့် လည်းကောင်း၊ (၁၇) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုရရှိကြသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

မှတ်တမ်းတင်ဓာတ်ပုံများရိုက်အပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆုရရှိကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ဈေးကြိုရပ်ကွက်ဆန်တန်း ရပ်အမှတ်၉၆(အေ)နေ ဦးအောင်သင်း၏ အိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင် ခံရပြီး ငွေကျပ် ၁၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

သဃ်န်းကျွန်း

ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီ ၃၇ မိနစ်ခန့်တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်အပိုင်း (၃)ရပ်ကွက် ခေမာသီလမ်းသွယ် (၂) လမ်း အမှတ်(၅၅)နေ ဦးမြင့်ကျော်၏ ဟိုင်းလက်ကားအမှတ် (၇က/၆၇၉၀)မှ ဆီထုတ်ယူစဉ်အနီးရှိ ဖယောင်းတိုင်မီးမှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ကားဘယ်ဘက်အချက်ပြမီးတစ်လုံးနှင့် ကိုယ်ထည်အနည်းငယ်မီးလောင် ခံရပြီး ငွေကျပ် ၁၀၀၀၀ ဖိုးခန့် ဆုံးရှုံးသည်။

သာစည်

ဇန်နဝါရီ ၂၉ ရက်နံနက်၂ နာရီခွဲခန့်တွင် မန္တလေးတိုင်း သာစည်မြို့နယ် အမှတ်(၁) မင်းရန်နိုင်ရပ်ကွက် သီရိမင်္ဂလာကျောင်းလမ်းနေ ဒေါ်နွယ်မာဝင်း၏မြေစိုက်အိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံး မီးလောင်ခံရပြီး လူလေးဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၆၅၀၀၀ ဖိုးခန့် ဆုံးရှုံးသည်။

ပုဂံ ညောင်ဦး

ဇန်နဝါရီ ၂၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် မန္တလေးတိုင်း ပုဂံ ညောင်ဦးမြို့နယ် ဖူးဘုရား ဈေးဆိုင်တန်းအနီးရှိ ဒေါ်နီနီဝင်း၏ဆိုင်၌ လျှပ်စစ်မီးခလုတ်မပိတ်မိ၍ အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၁၅ ခန်း မီးလောင်ခံရပြီး ငွေကျပ်၃၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာစံတော်ချိန် ယနေ့ နံနက် ၀၂ နာရီ ၀၂ မိနစ် ၄၆ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် ၆၁၉ မိုင်ခန့်ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍အင်အား ရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်ငွေး (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-
ဒေါ်နွဲ့နွဲ့ (အထက-၂၊ကမာရွတ်၊ ငြိမ်း)တို့၏သားငယ်

မောင်အောင်သက်မောင် B.Sc (Bot.) Q

ရုပ်သံကျွမ်းကျင်(၂)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

နှင့်

ရန်ကုန်မြို့နေ
ဦးကျော်ဝင်း-ဒေါ်လှလှခိုင်တို့၏သမီးကြီး

မနှင်းဝေဝေကျော် B.A (Eco)

တို့၏ ၂၇-၁-၂၀၀၇ရက် မြရိပ်ညိုရွှင်ရယ်ဟိုတယ် Royal Houseခန်းမ၌ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် တရားသူကြီးအဖြစ်ဆောင်ရွက်ပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်းတို့အား လည်းကောင်း၊ မြရိပ်ညိုရွှင်ရယ်ဟိုတယ်မြက်ခင်းပြင်တွင်ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းမိသားစုများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့်မင်္ဂလာညစာစားပွဲတို့တွင် အဘက်ဘက်မှ ကူညီပေးခဲ့သော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေနှင့် ဇနီးတို့အားလည်းကောင်း၊ တေးသီချင်းတီးလုံးဖြင့် ဖျော်ဖြေပေးသော စန္ဒရားကွန်းဇော်၊ မင်္ဂလာဝတ်စုံစီစဉ်ပေးသော မသွဲ့သွဲ့ရှိန်နှင့် အတာကြီး၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်မြန်းပေးသော ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းဇော်နှင့်အဖွဲ့၊ အခမ်းအနားနှင့် မင်္ဂလာပန်းအလှပြင်ဆင်ပေးသော မြရိပ်ညိုရွှင်ရယ်ဟိုတယ်မှမန်နေဂျာနှင့်ဝန်ထမ်းများ၊အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်သက်မောင်-မနှင်းဝေဝေကျော်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ဘောဂသုခလမ်း၊ အမှတ် ၁၀ နေ
ဦးတင်မွေး(ဦးစီးအရာရှိ၊ ငြိမ်း၊ မွေး/ကုဦးစီးဌာန)-ဒေါ်လှမြင့်တို့၏သား

မောင်မျိုးသူ Dip: in Business Management
A.G.T.I (Mechanical Power), B.Sc (Maths)
ဒုတိယဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒိုက်ဦးမြို့

နှင့်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၇၄၃ နေ
ဦးတင်ဝင်း-ဒေါ်အုန်းသန်းတို့၏တစ်ဦးတည်းသောသမီး

မတင်နွယ်ဦး B.Sc (Physics)

တို့သည် ၃၀-၁-၂၀၀၇ရက်တွင် နှစ်ဖက်သောမိဘများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသူ-မတင်နွယ်ဦး။

ပျဥ်ပုံကြီးအထက(ခွဲ) အာစရိယ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

ပဲခူးတိုင်း ပဲခူးမြို့နယ် ပျဥ်ပုံကြီး အထက(ခွဲ) ကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသူ ကျောင်းသားဟောင်းများ၏ အနန္တဂိုဏ်းဝင် ဆရာဆရာမကြီးများအား ဒုတိယအကြိမ်မြောက် ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)နံနက် ၈နာရီတွင် ပျဥ်ပုံကြီး အထက(ခွဲ)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ပွဲသို့ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ဖုန်း-၀၉-၅၁-၂၅၀၀၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရဟန်းဒါယကာကြီး ဦးတင်မြင့်ဦး - ရဟန်းမယ်တော်ကြီး ဒေါ်စောကြည် မိသားစုတို့က အလှူငွေကျပ် ၁၀သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဗိုလ်မှူးကြီး ဘုန်းမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟင်းသီးဟင်းရွက်စိုက်ခင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၀

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းနေ ဝန်ထမ်းများ စိုက်ပျိုးထားသော မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်းကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဇန်နဝါရီ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်က ရှင်းလင်းတင်ပြကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးခင်မောင်လှ(ဌာနမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်ကြည်ငွေးတို့၏
တစ်ဦးတည်းသောသား

မောင်မျိုးမင်း (မင်းမာဃ သက်န်းပရိက္ခရာတိုက်)

နှင့်

ရန်ကုန်မြို့နေ ဦးသောင်းရင် (ဌာနမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ)-ဒေါ်တင်တင်မြင့်တို့၏သမီး

မအေးအေးခိုင် B.A (Geog)

တို့သည် ၂၈-၁-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ရွှေပုဇွန်မင်္ဂလာခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်း-မအေးအေးခိုင်။

မွေးနေ့ဆုတောင်း

ချစ်သားကြီး **ဗိုလ်ဝဏ္ဏရန်အောင်** B.E (Mechanical)၏ ၃၁-၁-၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် ပျော်ရွှင်ချမ်းမြေ့သော မွေးနေ့များစွာကို ရရှိခံစားနိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သားကြီးကိုချစ်တဲ့ ဖေဖေနှင့်မေမေ
မမ - ပပထက်
B.A (English) MS (CEM)
ညီလေး - ကျော်ဇောလင်း
(Final Part-1) I.M.1.

၁၉၆၄-၆၈ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ သူငယ်ချင်းများ နှစ်ပတ်လည် မိတ်ဆုံခရီး

ခရီးစဉ် - ရန်ကုန်-တွံတေး
ရက်စွဲ - ၁၂-၂-၂၀၀၇ (တနင်္လာနေ့)
အချိန် - နံနက် ၈း၃၀ နာရီအရောက်
နေရာ - စဥ့်အိုးတန်းဆိပ်ကမ်း၊
ရွှေဇရာသဘော်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းမှ အောက်ပါပစ္စည်းများအား ပြည်တွင်း/ပြည်ပ ကုမ္ပဏီများမှ မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် တင်ဒါများ တင်သွင်းပါရန် ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေ့ရက်/အချိန်
(က)	လုပ်ငန်းသုံးပစ္စည်း	၆ မျိုး	(၉-၂-၂၀၀၇)မွန်းလွဲ ၂း၀၀နာရီ
(ခ)	Ard Card Paper	660 Packets	(၉-၂-၂၀၀၇)မွန်းလွဲ ၂း၀၀နာရီ
(ဂ)	Old Newspaper	2250 MT	(၉-၂-၂၀၀၇)မွန်းလွဲ ၂း၀၀နာရီ

၂။ သိရှိလိုသည့်အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

အမည်ပြောင်းလဲခေါ်ပါရန်

(အဖ)ဦးနိုင်အေး ၇/ထတပ(နိုင်) ၀၀၂၅၈၇၏သမီးဖြစ်သူ မလင်းလင်းထက်နိုင်အား ယနေ့မှစ၍ မယုကလျာနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မယုကလျာနိုင်။

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)တွင် ပါရှိသော ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာမှ ဒုတိယတိုင်းတရားသူကြီးချုပ် ဦးဟန်ရှိန်အစား ရန်ကုန်မြို့ တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **ဒေါက်တာလူမော်ဝင်း-ကြည်ဖြူညွန့်။**

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

ယခင် မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး(MEHS)နှင့်အထက(၁)ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူကျောင်းသားဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီးဆရာမကြီးများအား ဖေဖော်ဝါရီ၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသူ ကျောင်းသားဟောင်းများသည် ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀၀-၈၇၅၀၊ ဦးစိုးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁-၂၁၈၁၈၊ ဒေါ်ထားချို ဖုန်း-၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၉၉-၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၁၈၅၄၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ရီစလင်းလှ ဖုန်း-၅၆၆၆၅၂၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉-၈၀-၃၂၂၂၁နှင့် ဦးကြည်ဝင်း ဖုန်း-၀၉-၉၉-၂၄၇၂၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်အောင်ဇေယျတင့် ၁၂/ရကန(နိုင်) ၀၀၃၁၀၁သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၃-၇-၂၀၀၆ရက်တွင် မိသားစုသဘောဆန္ဒနှင့်ဆန့်ကျင်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၃-၇-၂၀၀၆ရက်မှစ၍ မောင်အောင်ဇေယျတင့်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏လုပ်ရပ်များနှင့်စပ်လျဉ်း၍ မိဘများမှလုံးဝတာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖခင်-ဦးခင်မောင်တင့် ၁၂/ရကန(နိုင်)၀၁၆၁၅၉
မိခင်-ဒေါ်မွှေးမွှေး ၁၂/ရကန(နိုင်)၀၁၆၁၆၀။

တမာလည်းနု ကျေးလည်းဥသည့် ကုံရာသီတပို့တွဲမှာလ

"ထန်းရည်နင်း ပေါက်ကင်းတဲ့လဲငုံ
ဆက်ရက်ကယ် သာကာနဲ့
ရော်ရွက်ဝါ တမာနု
လွမ်းသူ့ပူပုံ။
စရိုက်ကယ်လှို
ပင်မြို့မြင့်သိုက်နန်း။
ထွက်စီးငယ်ဝှန်
ကျောက်စက်ကယ် ရေတံခွန်နှင့်
ဟေမဝန် သာယာနုပါဘိ
ယွန်းလုနွှေဆန်း။

(ဦးကြင်ဥ)

တပို့တွဲလသို့ ဝင်ရောက်လာပြီဆိုလျှင် ရာသီဥတု အခြေအနေတို့ ပြောင်းလဲ လာပါတော့သည်။ မြိုင်ခြေတောတန်းတွင် ရွက်ရင့်တို့ကြွေ၍ သာရကာကျေးငှက်နှင့် ဆက်ရက်တို့ကလည်း မြူးထူးလာကြသည်။

ပင်မြို့မြင့်သိုက်နန်းတွင် ကျေးငှက်တို့ မြူးပျော်နေကြသည်။

တပို့တွဲလသည် မြန်မာလများတွင် တစ်ဆယ့်တစ်လမြောက် ဖြစ်ပြီး ဆောင်းရာသီ၏ နောက်ဆုံးအချိန်ပိုင်းဖြစ်၍ အလွန်ချမ်းအေးသော လဖြစ်ပါသည်။

တပို့တွဲလ၏ ရာသီပွဲတော်များမှာ မီးပုံပွဲတော်နှင့် ထမနဲပွဲတို့ ဖြစ်ကြသည်။ တပို့တွဲလပြည့်ကျော် ၁၁ ရက်မှ တပေါင်းလဆန်း ၄ရက် အထိ ရှစ်ညသည် ဆောင်းရာသီ၏ အအေးဆုံးညများအဖြစ် သတ်မှတ်ထားသည်။ ရှေးစာဆိုပညာရှင်များ၏ အဆိုအရ ယင်းရှစ်ညသည် ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင် မီးအိုးကင်းတွင် ရွှေလက်တော်တင်ကာ မီးလှုံတော်မူခဲ့ဖူးသဖြင့် ရှေးမြန်မာမင်းနှင့် ရဟန်းရှင်လူတို့သည် တပို့တွဲလတွင် မီးအလှူ(ဝါ) မီးကုသိုလ်ပြုပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်ဟု အဆိုရှိခဲ့ပါသည်။

"တပို့တွဲ၊ ပေါက်လဲရယ်တဲ့ငုံစီစီ၊ ဖူးတံကချီ" အစချီသော သဖြန်သည် လူသိများသော သဖြန်ဖြစ်ပါသည်။ ဆီးဝမ်းပေါက်ပြ တပို့တွဲဟုလည်း ဆိုကြပါသည်။ တပို့တွဲလရောက်လျှင် လေကတိုက်၍ မှည့်ရွှမ်းနေသော ဆီးသီးများသည် အပင်ကပြုတ်ကျကာ ပေါက်ပြကုန်သည်ကို ဆိုလိုပါသည်။

"မှုန်ပြာငယ်ရီ၊ ကုံရာသီ တပို့တွဲပေမို့ ပေါက်လဲတွေ အရောင်တောက်ပါလို့၊ တောင်မြောက်လေနှောငြီးလို့ငယ်ဝါ၊ မီးရှို့ကာ ဘယ်သူ မြိုက်ပါလိမ့်၊ ပူလိုက်လေ အကျိုးဘာမျှ မနပ်ပါလား၊ လူမိုက်တွေ ပိုးသတ္တဝါကို သတ်ကြတယ်၊ ရိုးပြတ်လယ်တော" ဟူ၍ မြန်မာ့သဘင်တွင် လူရွှင်တော်များက ခွန်းထောက်ဆိုခဲ့ကြပါသည်။ ကောင်းကင်သည် ခပ်မှုန်မှုန်ဖြစ်နေ၍ အအေးဓာတ်လည်း မကုန်သေး။ ဆောင်းဥတု၏ နောက်ဆုံးလမို့ လွမ်းစရာလည်း ကောင်းလှပါသည်။

"သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ ထင်းမီးပူဇော်၊ လှူတော်ကြမြဲ တပို့တွဲ" ဟု စာဆိုရှိသည့်အတိုင်း ထင်းမီးပူဇော်ကြကြောင်း သိရပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်လည်း ရာသီဥတုကို လေ့လာပြီး ဆင်ခြင်သုံးသပ် နေထိုင်တော်မူခဲ့သည်ဟု သိရှိရပါသည်။

ရှင်တော်ဘုရားသည် အလွန်အေးသောရာသီတွင် ည၌ဦးယံအခါ သင်္ကန်းတစ်ထည်မျှနှင့် ကွင်းပြင်တွင် နေကြည့်တော်မူခဲ့ပါသည်။ ည၌ဦးယံ လွန်လာသောအခါ အချမ်းဒဏ်ကာကွယ်ဖို့ နောက်ထပ်တစ်ထည် ထပ်တော်မူပါသည်။ သန်းခေါင်ယံတွင် သည့်ထက်ပိုအေး၍ တစ်ထည် ထပ်ပြီး အရုဏ်တက်ချိန်မှာ ပိုအေးလို့ တစ်ထည်ထပ်တော်မူပါသည်။ ကိုယ်တော်တိုင် လွင်တီးခေါင်တွင် ရာသီဥတုကို စမ်းသပ်ကြည့်ပြီး ရဟန်းတော်များသည် (တိစီဝရိတ်) သင်္ကန်းသုံးထည်သာ ဆောင်ရမည်ဟု ပညတ်တော်မူခဲ့ပါသည်။ စုစုပေါင်း လေးထည်ဖြစ်သော်လည်း နှစ်ထည်ကို တစ်ထည်ဖြစ်အောင် နှစ်ထပ်သင်္ကန်း ဒုကုဋ်(ထုကုတ်) လုပ်လိုက်၍ သုံးထည်သာ ဖြစ်သွားပါသည်။

မီးဖုန်းပွဲဆိုသည်မှာ **"သုံးလူ့ထွတ်ထား၊ မြတ်ဘုရားလျှင်၊ လေးပါးဘူတ၊ မျှတစေရန်၊ မီးရှိန်ခံ၍"** ဟု ကုန်းဘောင် ရာဇဝင်ကြီးမှာပါသည့်အတိုင်း တပို့တွဲလပြည့်ညတွင် ဘုရားရှင်ကို အချမ်းပြေစေရန် အရှင်အာနန္ဒာက ဒုကုဋ်သင်္ကန်းကို တင်လှူပေးကြောင်း သိရပါသည်။ တပို့တွဲညများသည် ဆီးနှင်းသည်းထန်ပြီး ခိုက်ခိုက်တုန်အောင် ချမ်းပါသည်။ ထို့ကြောင့် ဘုရားရှင်ကို အချမ်းဒဏ် ကာကွယ်ရန်နှင့် ဓာတ်လေးပါး မျှတစေရန် မီးအိုးကင်းတွင် ရွှေလက်တော်ကင်ကာ မီးလှုံတော်မူခဲ့ခြင်းကို မီးဖုန်းပွဲ ကျင်းပပြုလုပ်သည်ဟု ခေါ်ဆိုပါသည်။

မီးဖုန်းပွဲတွင် ယာဂုဆွမ်းကပ်ကြပါသည်။ သနပ်ခါးထင်းမီးနှင့် စေတီရုပ်ပွားတော်ကို ပူဇော်ကြပါသည်။

တပို့တွဲလပြည့်နေ့သည် ဩဝါဒပါတိမောက် အခါတော်နေ့ ဖြစ်သည်။

ပထမဩဝါဒမှာ–

- **မကောင်းမှုအကုသိုလ်ဟူသမျှကိုမပြုခြင်း**
- **ကုသိုလ်ကောင်းမှုကိုပြုလုပ်ခြင်း**
- **မိမိစိတ်ကို ကြည်လင်ဖြူစင်စေခြင်းတို့ဖြစ်သည်။**

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ဒုတိယဩဝါဒမှာ–

- **သည်းခံခြင်းသည် အမြတ်ဆုံး**
- **ဒုက္ခငြိမ်းရာ နိဗ္ဗာန်သည်အမြတ်ဆုံး**
- **ရဟန်းသည် သူတစ်ပါးကိုမညှဥ်းဆဲရ**
- **သူတစ်ပါးကိုညှဥ်းဆဲသောသူသည် ရဟန်းမဟုတ်တို့ဖြစ်သည်။**

တတိယဩဝါဒမှာ–

- **နှုတ်ဖြင့် သူများကိုမညှဥ်းဆဲခြင်း၊ မစွပ်စွဲခြင်း**
- **အမြတ်ဆုံးသီလတော်၌ စောင့်စည်းခြင်း**
- **စားသောက်မှုအတိုင်း အရှည်ကိုသိခြင်း**
- **ဆိတ်ငြိမ်သော အိပ်ရာနေရာကိုမှီဝဲခြင်း**
- **လွန်ကဲသော သမာဓိစိတ်၌ အားထုတ်ခြင်းတို့ဖြစ်သည်။**

သက်တော်ရှည်သော ဘုရားရှင်တို့သည် သာသနာတော် ကုန်ဆုံးသည့်တိုင်အောင် ဤဩဝါဒပါတိမောက်ကိုသာ ပြုကြသည်။ သက်တော်တိုသော ဘုရားရှင်တို့သည် ပထမဗောဓိဝါတော် ၂၀ အတွင်း၌သာ ဩဝါဒပါတိမောက်ပြုကြသည်။ တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက် အခါတော်နေ့ ကျင်းပပူဇော်ကြပါသည်။

မျက်မှောက်ခေတ်၌ ရှင်သန်နေသော ရာသီပွဲတော်မှာ ထမနဲပွဲ ဖြစ်ပေသည်။ ထမနဲပွဲကို တစ်ဦးတစ်ယောက်မှသည် အစုအဖွဲ့ဖြင့် ပြိုင်ပွဲသဏ္ဌာန် ဆောင်ရွက်ကြလျက်ရှိပါသည်။ ထမနဲပွဲကို ညောင်ရမ်း (ဒုတိယအင်းဝခေတ်)နောက်ပိုင်းတွင် စတင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထမနဲထိုးရာတွင် စံချိန်စံနှုန်း အစဉ်အလာ ရှိခဲ့ပါသည်။ မှတ်သားရ လွယ်ကူစေရန် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်
တစ်စိတ်ဆန် သည်ကောက်ညှင်းရယ်နှင့်
တစ်ပိဿာ ဆီအမှန်သွင်းပါလို့
ချင်းက သုံးဆယ်
မြေပဲဖြူ လှော်တစ်ခွက်ကယ်နှင့်
အုန်းသီးဆန် အတူဖက်ပါလို့
နှမ်းမပျက် ဤနည်းနှယ်
ရေစင်ကြယ် ထည့်ရိုး
လက်နှစ်သစ်သာပ
တွက်စစ်ကာ ချိန်တစ်ဆယ်ဆားရယ်နှင့်
ရောနှောကာ လူအများတို့ရယ်
အားသစ်လို့ထိုး"

ဟူ၍ စာဆိုရှိခဲ့သည်။

တပို့တွဲလသည် အအေးဓာတ်ပိုကဲသော အချိန်ဖြစ်၍ မြန်မာပြည် အနှံ့အပြား၌ ထမင်းနဲထိုးပွဲများ ပြုလုပ်လေ့ရှိကြပါသည်။ ထမင်းနဲကို တချို့က နှမ်းမနဲဟူ၍ ခေါ်ဝေါ်ကြသည်။

ထမင်းနဲသည် ကောက်ညှင်းဖြင့်ပြုလုပ်ရသော စားစရာ မုန့်တစ်မျိုး ဖြစ်သည်။ ကောက်ညှင်းကို ကျက်အောင်ပြုပြီးမှ နယ်ရ၊ နှံ့ရသဖြင့် 'ထမင်းနဲ'ဟု ခေါ်သည်။ ထမင်းနဲကို လွယ်ကူအောင် အသံထွက်သော အခါ 'ထမနဲ'ဟု ဖြစ်လာသည်။ ထို့ကြောင့် အသံထွက်သည့်အတိုင်း ရေးသား ဖတ်မှတ်သည့်အလေ့ ဖြစ်ပေါ်လာပြီး စာရေးသည့်အခါတွင်လည်း ထမနဲဟုပင် ရေးသားလေ့ရှိကြပါသည်။

ထမနဲထိုးရာတွင် ဆီကိုအသုံးပြုရသည်။ ချင်း၊ အုန်းသီးစိတ်၊ မြေပဲ၊ နှမ်းနှင့် ဆားတို့ ပါဝင်သည်။ ယင်းတို့အားလုံးကို စေးကပ်၍ တွဲသွားအောင် ယောက်မကြီးများဖြင့် နယ်ရ၊ နှံ့ရသည်။ ဒယ်အိုးထဲတွင် ထမနဲဖြစ်အောင် ထိုးရသောအလုပ်သည် လွယ်ကူသောအလုပ် မဟုတ်ပေ။

သန်စွမ်းသော ယောကျာ်းကြီးများပင် ချွေးပေါက်ပေါက်ကျအောင် အင်အားစိုက်ထုတ်၍ လုပ်ရသည်။ ထို့ကြောင့် ဆောင်းတွင်းနှင့် ထမနဲထိုးသည့် အလေ့အထသည် လိုက်ဖက်လှပါသည်။ အအေးဓာတ်၊ အချမ်းဓာတ်တို့ အနားမကပ်နိုင်အောင် ကိုယ်လက်လှုပ်ရှား လုပ်ကိုင်ရသောကြောင့် ဖြစ်သည်။ ထမနဲထိုးပြီးသောအခါ ဘုရားတွင် ဆွမ်းတော်ကြီးကပ်ကြသည်။ ဘုန်းကြီးကျောင်းများသို့ သွားရောက်၍ ထမနဲဆွမ်းကပ်လှူကြသည်။ ထမနဲထိုးသူများနှင့် ရပ်ရွာအတွင်းရှိ မိတ်ဆွေသင်္ဂဟများအား ဝေငှကျွေးမွေးကြသည်။ စုပေါင်းလုပ်၍ စုပေါင်း စားသောက်ကြသော မြန်မာတို့၏နှစ်သက်မြတ်နိုးစရာ ဓလေ့ပွဲတော်ပင် ဖြစ်ပါသည်။

တပို့တွဲလတွင် ပေါက်ပန်း၊ လဲပန်းများ ပွင့်ကြသည်။ ရွာစည်းရိုးနားတွင် လည်းကောင်း၊ လယ်ကွင်းများအလယ်တွင် လည်းကောင်း ပေါက်ပင်၊ လဲပင်များကို တွေ့ရလေ့ရှိပါသည်။ တစ်မျိုးစီကြည့်၍ ကောင်းသည်။ နီရဲသော အပွင့်ကြောင့် အမြင်အာရုံကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။ ပေါက်ပင်၏အရွက်တို့က စိမ်း၍ အပွင့်တို့ကမူ တွတ်တွတ် နီနေပါသည်။ အစိမ်းရင့်နှင့် အနီရဲတို့ ယှဉ်တွဲအားပြိုင်နေသော အလှ ဖြစ်ပါသည်။ ပေါက်ပင်ပေါ်၌ ကြက်တူရွေးငှက်များ ဝင်ရောက်နားသည့်အခါတွင် ပေါက်နှင့်ကျေးသည် ခွဲမရအောင် ရောနှောသွားတတ်သည်။

ကြက်တူရွေး၏အရောင်ကလည်း ကိုယ်လုံးအစိမ်း၊ နှုတ်သီးအနီ ဖြစ်နေသောကြောင့် ဖြစ်သည်။ လက်ပံပင်များကို ကြည့်လျှင် လယ်ကွင်းထဲတွင် ထီးထီးမားမား ရပ်တည်နေကြသည်။ အကိုင်းအခက်များက ဘေးသို့ဖြာ၍ ဝိုင်းနေတတ်သည်။ အပွင့်ပွင့်ချိန်ဆိုလျှင် အရွက်များမရှိဘဲ အပွင့်ချည်းသာ ရှိတတ်သည်။

လက်ပံပွင့်ကို ချဉ်ရည်ဟင်းချက်၍ စားရသည်။ နေလှန်း၍လည်း သိမ်းဆည်းထားနိုင်ပါသည်။ လက်ပံပွင့်ခြောက်များကို ပြုတ်ကာ ငါးပိရည်ဖျော်နှင့်တို့စားလျှင် ထမင်းအလွန်မြိန်ပါသည်။ လက်ပံပွင့်ကား မြန်မာ့ကျေးလက်သဘာဝ စားကောင်းသောက်ဖွယ်တစ်မျိုး ဖြစ်ပါသည်။

ကုံရာသီတပို့တွဲတွင် ပေါက်လဲတို့ ပွင့်ဖူးသကဲ့သို့ ထန်းသမားတို့ကလည်း ထန်းရည်ကို နင်းကြလေသည်။

ထန်းရည်နင်းသည်ဆိုခြင်းမှာ ဤလတွင် ထန်းပင်ရှိ ထန်းလက်၊ ထန်းခက်တို့ကို ခုတ်ထစ်ရှင်းလင်းကာ ထန်းရည်ခံရန် ပြုပြင်ခြင်းဖြစ်ပါသည်။

တပို့တွဲလဟူသည် ထန်းပင်မှ ထန်းပိုးများတွဲနေသောလဖြစ်သဖြင့် ထန်းပိုးတွဲလမှ တပို့တွဲလဟု အမည်ပြောင်းလဲခေါ်ခြင်းဖြစ်သည်။

'တမာလည်းနု ကျေးလည်းဥ'သည့် ဆောင်းဥတု ကုန်ခါနီးဖြစ်သော တပို့တွဲလသည် ရာသီအားဖြင့် "အိုး"ရုပ်ဖြင့် သရုပ်ပြသော ကုံရာသီဖြစ်၍ စန်းယှဉ်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်ပြီး ပွဲတော်အားဖြင့် 'ထမနဲပွဲတော်' 'ဩဝါဒပါတိမောက်အခါတော်'တို့ကို သတ်မှတ်ကျင်းပကြောင်းနှင့် မီးဖုန်းပွဲတော်ကိုလည်း ဆင်ယင်ကျင်းပကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းစွာ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းသားများ အပန်းဖြေလေ့လာရန် စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲဖွင့်

မော်လိုက် ဇန်နဝါရီ ၅

မော်လိုက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၆) သင်တန်းသားများ မော်လိုက်မြို့နယ်ခန်းမတွင် အပန်းဖြေ လေ့လာနိုင်ရန် စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၂၀ရက်မှ ၂၂ရက်အထိ ဖွင့်လှစ်ပြသပေးကြသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးညွန့်ဝေက လူထုဟောပြောနည်းဘာသာရပ်ကိုလည်းကောင်း၊ စာထောက်(၃) ဒေါ်ခင်ဥက ကျေးလက်စာကြည့်တိုက်များ ရှင်သန်ထက်မြက်ရေးဘာသာရပ်ကို လည်းကောင်း ဆွေးနွေးဟောပြော ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာထပ်ပိုးလွှာတင်

ကျိုင်းတုံမြို့နယ် ပါလို့ ၁ လမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ ရက်က အမှုဆောင်အရာရှိဦးခင်ကျော် နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့ ကြီးကြပ်ဆောင် ရွက်စဉ်။ (မြို့နယ်စည်ပင်)

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်တိုင်းတာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ် (၈၁) နေဦးစိုး-ဒေါ်ဂင်စွီနှင့် သမီးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ=နီ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးညှင်းမြို့နယ်၌ အင်ကြင်းကုန်း-ဇီးကုန်းလမ်း အုတ်ခုံခံတံတားဆောက်

မိုးညှင်း ဇန်နဝါရီ ၈

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် အင်ကြင်းကုန်း-ဇီးကုန်း အုတ်ခုံခံ သစ်သားတံတား ဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၁၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာဦးဇော်မျိုးထွေးက အုတ်ခုံခံသစ်သားတံတားလုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်း အမှတ်၅၇နေ ဖခင်ကြီးဦးကြိုင်ကို အမှူးပြု၍ သမီး ဒေါ်မေရီကြိုင် အသက်(၆၅) နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးသန်းစိန်-ဒေါ်မေရီကြိုင်၊ မြေး မြမြင့်မြင့်မိုးနှင့် ယွန်းမြတ်ဝေဖြိုးတို့က အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော်အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ညောင်တုန်းမြို့နယ် သာသနနုဂ္ဂဟ ဈေးကြီးဆန်လှူအသင်း ဆွမ်းဆန်တော်နှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူ

ညောင်တုန်း ဇန်နဝါရီ ၂၅

ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ သာသနနုဂ္ဂဟဈေးကြီး ဆန်လှူအသင်း၏ (၁၅)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို ဇန်နဝါရီ ၁၇ရက် ညနေက ညောင်တုန်းမြို့မ စည်ပင်သာယာဈေးကြီးရှေ့တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ၉၆၀ ကျော် ကြွရောက်၍ အလှူခံတော်မူကြသည်။ (ယာပုံ)

ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ သာသနနုဂ္ဂဟ ဈေးကြီးဆန်လှူအသင်း အမှုဆောင်များ၊ ဈေးသူဈေးသားများ၊ ရပ်နီးရပ်ဝေး အလှူရှင်များက သံဃာတော်နှင့် သီလရှင်တစ်ပါးလျှင် ရှစ်ပြည်နှုန်းလောင်းလှူခဲ့ကြသည့်ပြင် အထက (၁)၊ အထက(၂)၊ မြို့မ အလက၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များက ဆန်နှင့် ပဲဆန်များ၊ စားသုံးကုန်ပစ္စည်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြရာ လှူဒါန်းမှုအစုစုတန်ဖိုး ၈၅ သိန်းကျော်ဖြစ်သည်။

ညောင်တုန်းမြို့နယ်အသင်းတိုက် အဆောက်အအုံတည်ဆောက်မှုအတွက် ကုန်ကျ ငွေကျပ် ၆၇သိန်းကျော်အတွက် ရေစက်ချပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်ညက ကျင်းပရာ နိုင်ငံတော် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တသြဘာသဘိဝံသနှင့် မြို့ပေါ် ကျောင်းတိုက်အသီးသီးမှ ဓမ္မာစရိယဘွဲ့ရ ဆရာတော် ၂၈ပါးတို့ ကြွရောက် ချီးမြှင့်တော်မူကြသည်။

ထို့နောက် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ ဓမ္မာစရိယဘွဲ့ရ ဆရာတော် ၂၈ ပါးတို့အား သီးခြားအလှူရှင်များက တစ်ပါးလျှင် ကျပ်တစ်သောင်းစီ ဆက်ကပ်လှူဒါန်းကြပြီး စေတနာရှင်၊ ကုသိုလ်ရှင်၊ အလှူရှင်များက ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကာ လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်ချအမျှပေးဝေကြသည်။

(ဝ၉၈)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တည်ဆောက်လျက်ရှိသော မြို့ရေပေးရေး ကွန်ကရစ်ရေစင်ကို ဒီဇင်ဘာ ၁၇ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းဝင်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကတ္တရာလမ်းဖြစ်ရေး စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသော ဒေလီယာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့်အငယ်တန်း အင်ဂျင်နီယာ (၂) ဦးအောင်ဘိုဘိုတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ကလေးမြို့ အကျဉ်းထောင်အကျဉ်းသားများအတွက် အနွေးထည်နှင့် စောင်များ ပေးအပ်လှူဒါန်း

ကလေး ဇန်နဝါရီ ၁၀

ကလေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ယဉ်မျိုးစုက ကြီးမှူး၍ ကလေးမြို့အကျဉ်းထောင်ရှိ အကျဉ်းသားများအား ဆောင်းရာသီဝတ်အနွေးထည်နှင့် စောင်များပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီခွဲက အကျဉ်းထောင် ဇလပ်ဖြူရိပ်သာတွင်ကျင်းပရာ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့်စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် အမျိုးသမီးအကျဉ်းသူများနှင့် တွေ့ဆုံ၍ နယ်မြေခံတပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင် ဒေါ်နန်းချိုချိုပြုံးက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားမူက စိတ်ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပြီး အမျိုးသမီးအကျဉ်းသူများအတွက် တန်ဖိုးငွေကျပ် ၆၄၁၀၀၀ ရှိ အဝတ်အထည်နှင့်စောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးရှင်းလင်း စာအုပ်များ ပေးအပ်လှူဒါန်းပွဲ ရွှေဘိုမြို့၌ ကျင်းပ

ရွှေဘို ဇန်နဝါရီ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် ဦးစီးအရာရှိ ဦးကျော်တင့်၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကသာခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် မြို့နယ်ဦးစီးမှူးများ၊ မြို့မိမြို့ဖ ဦးသန်းထွန်းတို့ တက်ရောက်ကြပြီး သိန်းသန်းဝေ ဆန်စက်ပိုင်ရှင် ဦးသန်းထွန်းက စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းသည်။
(ခရိုင် ပြန်/ဆက်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင် ရန်ကုန်-သန်လျင်တံတားလမ်းဘေး ဝဲယာတစ်လျှောက်တွင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၂ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးခင်ဦး ကွင်းဆင်းဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလပြည့်နေ့
၁-၂-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (နိုင်ငံတကာအရည်အသွေးမီ မြန်မာပိုင်ယာကြီးထုတ်လုပ်မှု အကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အံ့ဖွယ်ဆန်းကြယ် ဂမ္ဘီရနယ် (ဆရာကြီးအရိန္ဒမာ)
(၂) နှစ်ဆယ်ရာစုမြန်မာစာရေးဆရာများနှင့် စာစုစာရင်း (ဒုတိယတွဲ)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အအိပ်အနေအသက်ရှည်ဖို့ အကြောင်း-မောင်ဆုရှင်)
၁၂း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးခေါင်းချဉ်ရည်ဟင်းနှင့် ငါးပိထောင်း)

ညနေပိုင်း

၁၆း၃၀ ဟောပြောချက် (ကချင်ရိုးရာ မနောပွဲတော်)
၁၇း၀၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေးနှစ်သက်တေး
(၁) သဘာဝသာတဲ့မောင်တို့ရွာ (တွံတေးသိန်းတန်)
(၂) ဆယ်မိုးဆယ်နွေ မျှော်လေလေဝေး (မြို့တော်ဝင်းဝင်းမြတ်)
(၃) တစ်ခါကချစ်တေးစကား (စိုးစန္ဒာထွန်း)
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မလှဘူးဆိုရင် ငိုချင်တယ် (ချိုပြုံး)
(၂) မငိုပါနဲ့လှပါတယ် (ဇော်ဝမ်း)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (သွေးရင်းပမာ မေ့မေတ္တာ)
၁၉း၃၅ ခေတ်မရွေးသော တေးများ
(၁) မမိုး (ဝင်းဦး)
(၂) ပင်တိုင်စံ (တင်တင်မြ)
(၃) ရွှေညာဆီသွားမယ် (မောင်မောင်ကြီး)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တစ်ချိန်ကသစ္စာများရယ် (ရဲဘော်စိုးနိုင်)
(၂) ချစ်ရလွန်းသူမို့ (အမာစိန်)
(၃) ဘယ်ပန်းပန်ပါ့မယ် (တက္ကသိုလ်ချိုကြီး)

မန္တလေးတက္ကသိုလ်
(၄၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့ စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန်လျှောက်ထားကြသူများအတွက် မန္တလေးတက္ကသိုလ် (၄၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသစ်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

(က) ဘွဲ့နှင်းသဘင် (၂၁–၂–၂၀၀၇) ပထမနေ့
နံနက်ပိုင်းအစီအစဉ်၊ နံနက် (၉း၀၀)နာရီ

ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့	– သမိုင်း
ပါရဂူဘွဲ့	– ပထဝီဝင်၊ သင်္ချာ၊ ဘူမိဗေဒ အားလုံး၊
မဟာသုတေသနဘွဲ့	– သမိုင်း၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊
	– ဓာတုဗေဒ(အင်ဂျင်နီယာ)၊Biochemistry၊
	– သတ္တဗေဒ၊ Biotechnology အားလုံး
မဟာဝိဇ္ဇာဘွဲ့	– အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ ပထဝီဝင်အားလုံး
မဟာသိပ္ပံဘွဲ့	– ရူပဗေဒ၊ ရူပဗေဒ(အင်ဂျင်နီယာ)၊ ရုက္ခဗေဒ Environmental Studies အားလုံး
ဒီပလိုမာဘွဲ့	– (Dip:E.L.T.) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာအားလုံး

(ခ) ဘွဲ့နှင်းသဘင် (၂၂–၂–၂၀၀၇) ဒုတိယနေ့
နံနက်ပိုင်း အစီအစဉ်၊ နံနက် (၉း၀၀)နာရီ

ပါရဂူဘွဲ့	– မြန်မာစာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ရူပဗေဒ၊ သတ္တဗေဒအားလုံး
မဟာသုတေသနဘွဲ့	– အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ သင်္ချာ၊ ရုက္ခဗေဒ၊ Environmental Studies အားလုံး
မဟာဝိဇ္ဇာဘွဲ့	– မြန်မာစာ၊ သမိုင်း၊ အရှေ့တိုင်းပညာအားလုံး
မဟာသိပ္ပံဘွဲ့	– ဓာတုဗေဒ၊ဓာတုဗေဒ (အင်ဂျင်နီယာ)၊ Biochemistry၊ ဘူမိဗေဒအားလုံး
ဒီပလိုမာဘွဲ့	– (DBS)လုပ်ငန်းသုံးစီးပွားရေးပညာ ဒီပလိုမာ (၄/၂၀၀၅)အားလုံး
	– (PGDLIS) စာကြည့်တိုက်နှင့် သုတပညာ ဘွဲ့လွန် ဒီပလိုမာ သင်တန်း အမှတ်စဉ် (၁)၊ (၂)၊ (၃)၊ (၄) အားလုံး
	– DLD ၂၀၀၅ခုနှစ်၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုပညာ ဒီပလိုမာ ခုံအမှတ် (DLD ၁ မှ ၃၀ထိ)

(ဂ) ဘွဲ့နှင်းသဘင် (၂၃–၂–၂၀၀၇) တတိယနေ့
နံနက်ပိုင်း အစီအစဉ်၊ နံနက် (၉း၀၀)နာရီ

ပါရဂူဘွဲ့	– အင်္ဂလိပ်စာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရုက္ခဗေဒ အားလုံး
မဟာသုတေသနဘွဲ့	– မြန်မာစာ၊ ရူပဗေဒ၊ ရူပဗေဒ(အင်ဂျင်နီယာ)အားလုံး
မဟာဥပဒေဘွဲ့	– ဥပဒေပညာအားလုံး
မဟာဝိဇ္ဇာဘွဲ့	– စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာအားလုံး
မဟာသိပ္ပံဘွဲ့	– သင်္ချာ၊ သတ္တဗေဒ၊ Biotechnology အားလုံး
ဒီပလိုမာဘွဲ့	– (DLD)၂၀၀၅ခုနှစ်၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုပညာ ဒီပလိုမာ ခုံအမှတ် (DLD ၃၁မှ ၆၁ထိ)

*** အစမ်းလေ့ကျင့်ရက်(၂၀–၂–၂၀၀၇)ရက်၊ နံနက် (၁၀း၀၀)နာရီ ***

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို **(၂၁–၂–၂၀၀၇)ရက်တွင် ဘွဲ့ယူသူများအတွက်(၁၅–၂–၂၀၀၇)ရက်မှစ၍လည်းကောင်း၊(၂၂–၂–၂၀၀၇)ရက်တွင် ဘွဲ့ယူသူများအတွက်(၁၆–၂–၂၀၀၇)ရက်မှစ၍လည်းကောင်း၊ (၂၃–၂–၂၀၀၇)ရက်တွင် ဘွဲ့ယူသူများအတွက် (၁၉–၂–၂၀၀၇)ရက်မှစ၍လည်းကောင်း၊** ဘွဲ့ကြေး ငွေသွင်းပြေစာတင်ပြ၍ မန္တလေးတက္ကသိုလ် (ပင်မ) စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။

၃။ ဘွဲ့နှင်းသဘင် အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်ကိုက်ညီသည့် မြန်မာ့ထမီ၊အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို **(အပြည့်အစုံ)** ဝတ်ဆင်၍ တက်ရောက်ရပါမည်။

လှလှဝင်း
မော်ကွန်းထိန်းအဆင့်(၁)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ မန္တလေးတက္ကသိုလ်။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ–၃၇၂)
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး
၂၀၀၇ခုနှစ် တရားမအထွေထွေမှုအမှတ်– ၁၀

ဒေါ်မေသွင် ၁၂/ဒဂန(နိုင်)၀၂၂၆၇၆
အမှတ် ၃၀၂၊ ခနေအောင်လမ်းသွယ် **လျှောက်ထားသူ**
ပေါ်ဆန်းမွှေးလမ်း၊ (၂၉)ရပ်ကွက်၊
သုဝဏ္ဏမြို့၊သင်္ဃန်းကျွန်းမြို့နယ်။

ရန်ကုန်မြို့ အမှတ် ၃၀၂၊ ခနေအောင်လမ်းသွယ်၊ ပေါ်ဆန်းမွှေးလမ်း (၂၉)ရပ်ကွက်၊ သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်မေသွင်က ကွယ်လွန်သူ ဒေါ်အမာကြည်၏အစ်မ ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဒေါ်အမာကြည်မှ ကျန်ရှိသော ပစ္စည်းပိုင်နက်ရရှိရန်သော ကြွေးမြီများကို ကောက်ခံ၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြေညာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်အမာကြည်မှာ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက် (၁၃၆၈ ခု တပို့တွဲလကွယ်နေ့) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်မေသွင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဆိုင်(၃)ဆိုင်အတွက် မြေကြီးတာပေါင်ပတ်ရန်နှင့် နန်း၊ သဲဖို့ရန် လုပ်ငန်းများ ချိပ်ပိတ်တင်ဒါခေါ်ခြင်း

တင်ဒါအမှတ် ၁၀/၁၁/၁၂ (၂၀၀၆–၂၀၀၇)

၁။ ဆောင်ရွက်ရမည့်လုပ်ငန်း – CNG ဆိုင်(၃)ဆိုင်အတွက် မြေကြီးတာပေါင်ပတ်၍ နန်း၊ သဲဖို့ခြင်းလုပ်ငန်း။

၂။ **တင်ဒါအမှတ်နှင့်လုပ်ငန်းပမာဏ**

(က) တင်ဒါအမှတ်၁၀/(၂၀၀၆–၂၀၀၇) [တောင်ဥက္ကလာပ (ဇေါက်ကွင်း) CNG ဆိုင်]

မြေကြီးတာပေါင်ဖို့ခြင်း	–	၂၇၇ ကျင်း
နန်း၊ သဲဖို့ခြင်း	–	၁၆၂၇ ကျင်း

(ခ) တင်ဒါအမှတ်၁၁/(၂၀၀၆–၂၀၀၇) (သုဝဏ္ဏပန်းခြံ CNG ဆိုင်)

မြေကြီးတာပေါင်ဖို့ခြင်း	–	၉၃ ကျင်း
နန်း၊ သဲဖို့ခြင်း	–	၅၇၀ ကျင်း

(ဂ) တင်ဒါအမှတ်၁၂/(၂၀၀၆–၂၀၀၇) (ရွှေပေါက်ကံ CNG ဆိုင်)

မြေကြီးတာပေါင်ဖို့ခြင်း	–	၁၀၇ ကျင်း
နန်း၊ သဲဖို့ခြင်း	–	၁၀၀၅ ကျင်း

၃။ ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်နေရာ – မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန အဆောက်အအုံအမှတ်(၆)၊ နေပြည်တော်။

၄။ တင်ဒါပိတ်မည့် ရက်၊အချိန် – ၂–၂–၂၀၀၇ရက်၊ ၁၂း၀၀နာရီ။

၅။ တင်ဒါပုံစံနှင့်စည်းကမ်းများကို ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရန်ကုန်)နှင့် အဆောက်အအုံအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်တွင် တစ်စုံလျှင် (၁၀၀၀ိ/–)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ်–၀၆၇–၄၁၁၃၄၀၊ ၀၁–၂၄၆၃၇၂ တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

အပွင့်လှလှ

သဇင်ပန်း၊ သဇင်ဥ၊ သဇင်တိုင်
စိုက်ပြီး သဇင်တိုင်။
ဖုန်း–၅၆၀၅၆၇၊ ၅၇၂၄၉၇
၅၃၅၊ သုမင်္ဂလာလမ်း၊
၁၁ရပ်ကွက်၊ တောင်ဥက္ကလာ။

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

အမှတ် ၁၉၊ ရွှေဟင်္သာရွာမလမ်း၊ အရပ်အိမ်နှင့် ရဲဘော်ဝပ်ရှော့ကြားအိမ်၊ ရွှေဟင်္သာရပ်ကွက်၊ ကော့သောင်းမြို့။
ဖုန်း–၅၆၀၅၆၇၊ ၅၇၂၄၉၇။

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ဘအ/၁၄၁၉ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးစိုင်းကျော် မှတ်ပုံတင်အမှတ် ၃/ဘအန(နိုင်)၁၂၀၁၉၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး၊ ဘားအံမြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်မျိုးလွင်(၁၂/ကမရ[နိုင်]၀၄၅၁၆၁)သည် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
ဦးကျင်–ဒေါ်ဟိုချိုင်အှိုင်
ကမာရွတ်မြို့နယ်။

တစ်ဦးတည်းဖြစ်ပါကြောင်း

နိုင်ငံသားစိစစ်ရေးအမှတ် ၁၃/ကဟန (နိုင်)၀၀၂၃၈၈ ကိုင်ဆောင်သူ ဦးစိုင်းစန္တ နှင့် ဦးစန္ဒသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးစိုင်းစန္တ(ခ)ဦးစန္ဒ
(၁၃/ကဟန [နိုင်]၀၀၂၃၈၈)။

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိသော ချယ်ရီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဇမ္ဗူဒီပဆုတောင်းပြည့် အေးစေတီတော် ရွှေထီးတော်တင်လှူမည်

ကြို့ပင်ကောက် ဇန်နဝါရီ ၂၆

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာ ဒက္ခိဏဝန်ကျောင်းတိုက် ဦးဆောင်ပဓာန နာယကဆရာတော် ဦးတိက္ခာစာရ၏ ဩဝါဒကို ခံယူ၍ ကြို့ပင်ကောက်မြို့နယ် ရန်ကုန်–ပြည်လမ်းရှိ ဇမ္ဗူဒီပ ဆုတောင်းပြည့် အေးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပွဲနှင့်နဂါးရုံဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ကမ္ဘာ့သာသနာပြု မိုးကုတ်ဓမ္မကထိက အရှင်ဝိမလဝံသ(ရွှေသိဒ္ဓိအောင်) အပ်ချုပ်မျှင် ဆရာတော်ကိုယ်တိုင် တပို့တွဲ လပြည့်နေ့ (ဖေဖော်ဝါရီ ၁ရက်) နံနက် ၉နာရီတွင် ရွှေထီးတော်တင်ပူဇော်မည်ဖြစ်သည်။

အဆိုပါထီးတော်တင်ပွဲ၌ မြန်မာ့လက်ဝှေ့အောင်လံလုပွဲ၊ မြဝတီ ရွှေတံဆိပ်(၆)ဆုရ ရွှေစင်မိုးဇာတ်သဘင်၊ ရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်ရှိုးများနှင့် မိုးကြိုးငှက်ငယ်ကလေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ယခုတည်ဆောက်ဆဲ ဓမ္မာရုံကြီးအတွက် အလှူရှင်များလှူဒါန်းလိုပါက ဆရာတော် ဦးတိက္ခာစာရ ဒက္ခိဏဝန်ကျောင်းတိုက် ကုန်းမြင့်ကျေးရွာ ကြို့ပင်ကောက်မြို့ ဖုန်း– ၀၅၃–၅၀၄၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၀)**

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခဲဘောင်–တောချောင်း–မရမ်းရိုးမြေသားလမ်းဖောက်လုပ်ရန် လမ်းမြေ သတ်မှတ်တိုင်းတာခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃ရက်က မြို့နယ်ဥက္ကဋ္ဌဦးရဲဝင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းအေးတို့ ကွင်းဆင်း စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ် ခအုံးတာကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းနှင့် ရေကန်ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ရေနံချောင်းမြို့၌ ချောင်းတိမ်ရေကျော် ပြုလုပ်ဆောင်ရွက်

ရေနံချောင်း ဇန်နဝါရီ ၁၀

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လုပ်ငန်းဖြစ်သော ချောင်းတိမ်ရေကျော် ပေ၅၀ X ၁၄ပေ ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၃)ဦးကျော်စွာလင်း ဦးဆောင်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ဒီဇင်ဘာ ၁၂ရက်က နတ်တောင်ပြင် ဆည်တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စက်ရေတွင်းများ လုပ်ငန်းလည်ပတ်မှု ကွင်းဆင်းစစ်ဆေး

ကျွန်းစု ဇန်နဝါရီ ၅

ကျွန်းစုမြို့ ရေပေးရေးလုပ်ငန်းအတွက် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) က တူးဖော်ပေးခဲ့သော လေးလက်မ စက်ရေတွင်းငါးတွင်း၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၁ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးဝဏ္ဏမောင်က လုပ်ငန်းနှင့်ပတ်သက်၍ လိုက်လံ ရှင်းလင်းပြသကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ပိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းလုပ်ငန်းခွင်၌ တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်တည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ကာလအတွင်းပြီးစီးရန် လုပ်ငန်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၅ ကော်လံ ၅ ●



ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစား လျှပ်စစ်ယူနစ်ပျောက်ဆုံးမှုအနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၃၀

အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ငွေသွင်းကောင်တာနှင့် မြို့နယ်ရုံးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး မြို့မဓာတ်အားခွဲရုံအတွင်း သန်လျင်-ဘုရားကုန်း ဓာတ်အားခွဲရုံမှ ရရှိသော ဓာတ်အားကို ဖီဒါများအလိုက် ဓာတ်အားပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဓာတ်အားဖြန့်ဖြူးမှုရှင်းလင်း

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ သန်လျင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက သန်လျင်မြို့နယ် လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများ၊ ဓာတ်အားလိုင်းများအခြေအနေနှင့် ဝန်ထမ်းအင်အားအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် မိမိတို့ဝန်ထမ်းများအနေဖြင့် ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ *စာမျက်နှာ ၅ ကော်လံ ၁* ■

ဒဂုံတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကျေးလက်ပြည်သူများ ညီညွတ်စွာဖြင့် ဆည်ငယ်တည်ဆောက် ရေများများသိုလှောင်နိုင်ပြီး ဆည်ရေသောက်လယ်များ ဖြစ်ပေါ်လာ ဆင်းသွယ်လတ်စပါးမျိုးစိုက်၍ တစ်ဧက တင်း ၁၂၀ ကျော်ထွက်ရှိ သာစည်မြို့နယ် ကုန်းတောင်းရွာ၏ ထပ်ဆင့်လယ်ယာမြေအောင်ပွဲ

သာစည်မြို့နယ် ကုန်းတောင်းကျေးရွာပြည်သူများ စုစည်းညီညွတ်စွာ တည်ဆောက်ထားသည့် ကုန်းတောင်းဆည်ကန်ကို ဤသို့တွေ့ရသည်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ရဲမြင့်ဆွေ

ရန်ကုန် ဇန်နဝါရီ ၃၀

မန္တလေးတိုင်း သာစည်မြို့နယ် ကုန်းတောင်းကျေးရွာသည် မိုးကောင်းသောက်ဒေသဖြစ်သည်။ မိုးလေမှန်ပါမှ စပါးတစ်ဧက တင်း ၃၀ ခန့်ထွက်သည်။ ရွာသားများက စပါးအထွက်တိုးချင်သော စိတ်ဆန္ဒရှိကြသည်။ သူတို့အင်အားဖြင့် ဦးစွာပထမ စိုက်ပျိုးရေရအောင် ကျေးရွာကန်ပြုလုပ်ကြသည်။ အထိုက်အလျောက် မိုးရေသိုလှောင်နိုင်ခဲ့သည်။ သို့သော် မိုးများသည့်နှစ်တွင် ကန်ကျိုးသည်။ သည်တော့ ကျေးရွာလူထုနှင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ ကုန်းတောင်းဆည်ငယ်တစ်ခုတည်ဆောက်ကြသည်။

စနစ်တကျတည်ဆောက်ထားသည့် ဆည်ငယ်တစ်ခုဖြစ်၍ ရေများများသို လှောင်နိုင်ခဲ့ပြီ၊ ဆည်ရေသောက်လယ်မြေများဖြစ်လာ၍ ရေတော်မိုးတော် စိုက်ဧကများတွင် လက်ရှိစိုက်နေသော စပါးမျိုးအစား ဆင်းသွယ်လတ် အထွက်ကောင်းသက်တမ်းရက်တိုသော စပါးကို စိုက်ကြတော့သည်။ စတင်စိုက်ပျိုးသည့်နှစ်မှာပင် တစ်ဧကတင်း ၁၂၀ မှ တင်း ၁၃၀ ထွက်ခဲ့ပြီး စည်ဖြောသံညံခဲ့သည်ဟု သတင်းစကားများ ကြားသိခဲ့ရသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❐